# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၂) ရက် ၊ အင်္ဂါနေ့ ၊ (31-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး အခမဲ့ရထားပြေးဆွဲပေးခြင်းကို အောက်တိုဘာ ၃၀ ရက်အထိ ထပ်မံပြေးဆွဲပေးခဲ့



**နေပြည်တော် အောက်တိုဘာ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းဖွင့်ပွဲကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို စိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ လိုက်ပါ၍ တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီးရထားခရီးစဉ်ကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်ထိ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ပူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

စာမျက်နှာ - ၁၀

ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား (၇)ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ

စာမျက်နှာ - ၁၆

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ပဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်မှုများ အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ - ၁၆

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် (၃၀-၁၀-၂၀၂၃)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။




ရတနာပုံ
၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံအကျိုးစီးပွားအတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများတွင် အဖိုးတန်ကျောက်မျက်များလည်း ပါဝင်ပေသည်။ အဆိုပါ ကျောက်မျက်များသည် ထွက်ရှိရာနေရာဒေသအလိုက် ကျောက်မျက်ရတနာအမျိုးအစားများ တူညီမှုမရှိသကဲ့သို့ တန်ဖိုးနှင့် အရည်အသွေးများလည်း ကွာခြားသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများသည် အရည်အသွေးကောင်းမွန်ရုံသာမက တန်ဖိုးလည်းကြီးကြောင်း နိုင်ငံတကာက သတ်မှတ်ထားသည်။

ကျောက်မျက်ရတနာများသည် လူသားတို့အတွက် ကမ္ဘာမြေကြီးကပေးသော သဘာဝလက်ဆောင်ဖြစ်သည်။ လူသားတို့သည် ကျောက်မျက်ရတနာကို အဆင်တန်ဆာအဖြစ်လည်းကောင်း၊ ကျန်းမာရေးအတွက် အဆောင်ရတနာအဖြစ်လည်းကောင်း အမြတ်တနိုး ဝတ်ဆင်ကြသည်။ ယခင်က ကျောက်မျက်ရတနာများကို သဘာဝအတိုင်း ဆင်မြန်းခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ပညာရှင်များ၊ ကုန်သည်များက သွေးပြီးအရောင်တင်ကာ တန်ဖိုးရှိသည့် တွင်းထွက်များကို ကျောက်မျက်ရတနာအဖြစ် သတ်မှတ်ကြသည်။ ထို့ပြင် လှပခြင်း၊ မာကျောခြင်း၊ ခိုင်ခံ့ခြင်း၊ ရှားပါးခြင်း၊ အများလက်ခံနိုင်ခြင်းဂုဏ်များပါရှိမှသာလျှင် ရတနာတန်းဝင်ကျောက်ဟု အသိအမှတ်ပြုကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိစေရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်ထိ နေပြည်တော်ရှိ မဏိရတနာခန်းမ၌ ခင်းကျင်းပြသရောင်းချခဲ့သည်။

ထိုသို့ ခင်းကျင်းပြသရောင်းချရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အုပ်စု(C)မှ ကျောက်စိမ်းအသားကျောက်အတွဲ ၇၉၂ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပေးခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ကျောက်စိမ်းအတွဲပေါင်း ၇၇၉ တွဲ ရောင်းချခဲ့ရသည်။

၂၀၁၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၁၆၀ အနက်မှ ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို စျေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် အုပ်စု(A)မှ ကျောက်စိမ်းအတွဲပေါင်း ၅၂၀၊ အုပ်စု(B)မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၃၃ တွဲနှင့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၉၂ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၇၀၄ တွဲ ရောင်းချနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပါသည်။

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့ကျက်စားလျက်ရှိ



**မန္တလေး အောက်တိုဘာ ၃၀**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသော ဧရာဝတီလင်းပိုင်များ၏ အခြေအနေများကို တာဝန်ရှိသူများက လစဉ် တစ်လလျှင် သုံးကြိမ် သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များသည် အောက်တိုဘာလ ဒုတိယပတ်က မြေစွန်းကျေးရွာအနီးတွင် နေထိုင်ကျက်စားလျက်ရှိပြီး အောက်တိုဘာ ၂၉ ရက်မှစ၍ အင်ဒေါင်းကျေးရွာအနီးတွင် ပြောင်းရွှေ့ ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲ ဧရာဝတီလင်းပိုင်တွေရဲ့အခြေအနေတွေကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက သွားပြီးကြည့်ဖြစ်ပါတယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၅ ကောင် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ် "ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများအတွင်း နေထိုင်သည့် ရေလုပ်သားများအနေဖြင့်လည်း ဧရာဝတီလင်းပိုင် သားပေါက်များကိုတွေ့ရှိပါက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်၌ မွေးမြူထားသည့် တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူသွားမည်

**မန္တလေး အောက်တိုဘာ ၃၀**

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်၌ မွေးမြူထားသည့် တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်ရှိ မြို့နယ် ၂၀ မြို့နယ်၌ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ၎င်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို လာမည့် နိုဝင်ဘာလပထမပတ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေ စာရင်းကောက်ယူတဲ့လုပ်ငန်းကို နိုဝင်ဘာလထဲမှာ ဆောင်ရွက်သွားမှာပါ။ ကောက်ယူနိုင်ဖို့အတွက်လဲ အောက်တိုဘာလကနေစပြီး ခရိုင်အလိုက် စာရင်းသင်တန်းတွေပေးထားပါတယ်။ စာရင်းကောက်တွေလာရင်မိမိတို့မွေးမြူထားတဲ့ မွေးမြူရေးတိရစ္ဆာန်တွေကို ပုံစံတွေဖြည့်စွက်ပြီး စာရင်းထည့်သွင်းပေးကြဖို့လိုပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်အကောင်ရေဘယ်လောက် မွေးမြူထားတယ်ဆိုတာ တိတိကျကျသိရှိနိုင်ဖို့ အသားစားသုံးသူတွေအတွက် အသားများများ ထုတ်လုပ်နိုင်ဖို့၊ စျေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရှိနိုင်ဖို့ စာရင်းကောက်ယူတာဖြစ်ပါတယ်"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေ စာရင်းကောက်ယူသွားမည့် ပုံစံများမှာ စီးပွားဖြစ်ခြံ စာရင်းကောက်ပုံစံ၊ တစ်နိုင်တစ်ပိုင်ကောက်မည့် သတ်မှတ်ပုံစံတို့ဖြင့် ကောက်ယူမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူရာတွင် မြို့နယ် တစ်မြို့နယ်လျှင် ဦးရေ ၂၀ မှ ၃၀ ထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းလာပြီး စျေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းလာပြီး စျေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့် ပဲကြီးမှာ ပြည်တွင်းစျေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် မြေထောက်ပဲနှင့် ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

"မြေထောက်ပဲနဲ့ ပဲကြီးက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီးမလိုက်တာကြောင့် မန္တလေးစျေးကွက်ထဲ စျေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် စျေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် အောက်တိုဘာ ၂၃ ရက် ပေါက်စျေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့ပေါက်စျေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀ ထိ ပေါက်စျေးရှိပြီး စျေးကောင်းရရှိနေကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် အောက်တိုဘာ ၂၃ ရက်ပေါက်စျေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ သာ ပေါက်စျေးရှိခဲ့သော်လည်း ယနေ့ ပေါက်စျေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀ ပေါက်စျေးရှိပြီး စျေးကောင်းရရှိနေကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် ယနေ့ပေါက်စျေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်စျေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် မျှော့တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ ထိ ဈေးကောင်းရရှိ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မျှော့တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မျှော့ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စက်တင်ဘာလက မျှော့တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာလပထမပတ်မှ ယနေ့ထိ မျှော့တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ မျှော့များကို ပြည်ပဈေးကွက်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

“မျှော့အထွက်နည်းလာလို့ အခုလ ပထမပတ်လောက်ကတည်းက ဒီနေ့ထိ ဈေးကောင်းရရှိလာတာပါ။ လက်ရှိ မျှော့တစ်ပိဿာကို ငွေကျပ် ၇၇၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ဒေသထွက် မျှော့တွေကို ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက် တရုတ်နိုင်ငံကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုဈေးကောင်းရရှိလာတာကလဲ တရုတ်နိုင်ငံဘက်ကနေ အဝယ်လိုက်နေတာကြောင့် ဖြစ်ပါတယ်။ အခုမျှော့တွေကို တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံကလဲ အဝယ်လိုက်နေပါတယ်။ လက်ရှိလဲ နယ်စပ်က ကုန်သည်တွေက မျှော့တွေကို ရသလောက် ပြန်ဝယ်ဖို့ကမ်းလှမ်းထားပါတယ်။ မိုးနှောင်းကာလရောက်လာလို့ မျှော့အထွက်နည်းလာတာပါ”ဟု မော်လမြိုင်ကျွန်းမြို့နယ် မျှော့ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

အဆိုပါမျှော့များသည် စပါးစိုက်ခင်းများ၊ မြစ်ရိုး၊ ချောင်းရိုးနှင့် ရွှံ့၊ နွံထဲတွင် ကျက်စားတတ်သည့် သတ္တဝါများဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မျှော့ရောင်းဝယ်ရေး ပိုင်ရှင် ဒေါ်ရီရီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၅၀၂) မြသီရိရပ်ကွက်နေ ဒေါ်တင်တင်လှိုင် မိသားစုက ဦးသန်းဝင်းအောင်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၇၅၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းဧက ၁၇၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၁၇၆၀ စိုက်ပျိုးဖို့လျာထားတာ ဧက ၁၇၅၀ စိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးပါတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်ကပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးနိုင်မှုအနေဖြင့် အစေ့ထုတ်ပြောင်း ၇၄၈ ဧကနှင့် ဖူးစားပြောင်း ၁၀၀၂ ဧက စုစုပေါင်း ဧက ၁၇၅၀ ဖြစ်ကြောင်း၊ မြင်းမူမြို့နယ်တွင် ပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၇၆၁ ဧကနှင့် ဖူးစားပြောင်း ၉၉၉ ဧက စုစုပေါင်း ဧက ၁၇၆၀ ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောက်တောင်ပိုး ကြိုတင်ကာကွယ်နည်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် ဆေးအသုံးပြုရေးနည်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်မရောမြို့နယ် ခနောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေဖြင့် ခနောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ခနောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ခနောင်ကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၀၂ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘုရားလေးဆူကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာတွင်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဘုရားလေးဆူကျေးရွာ၌ ကျေးရွာတွင်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၂၆ ဒသမ ၇၅ သန်းဖြင့် ငွေလှုံ့ဖြိုးထက်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ဘုရားလေးဆူကျေးရွာရှိ အိမ်ခြေ ၁၂၉ အိမ်မှ ပြည်သူများ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ပြောပြ၍ သိရသည်။

**ကိုညီ**



# ကမ္ဘာ့လျှပ်စစ်ယာဉ် ပြပွဲဆီသို့ (အပိုင်း-၂)

ပါမောက္ခကိုကိုအောင်




**Global EV Forum & Exibition သို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပညာရှင်များ။**

NMC(KO) ကုမ္ပဏီသည် လျှပ်စစ်မိုတာဖြင့် မောင်းနှင်သော အသေးစားလျှပ်စစ်ကားငယ်များမှစ၍ Electric Bus များ၊ Electric Truck များတွင် တပ်ဆင်သုံးစွဲနိုင်ရန် အဆင့်မြင့်နည်းပညာဖြင့်လျှပ်စစ်မိုတာများကို လိုအပ်သလောက်ထုတ်လုပ်ပေးနေသော ကုမ္ပဏီဖြစ်သည်။ အလားတူပင် Drone ခေါ် စက်ရုပ်လေယာဉ်အရွယ်အစား အမျိုးမျိုးတို့အတွက်လည်း အရည်အသွေးမြင့် လျှပ်စစ်မိုတာအရွယ်အစားအမျိုးမျိုးတို့ကို ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်းကိုလည်း သိရှိခဲ့ရသည်။ အနာဂတ်ကာလများတွင် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ တွင်ကျယ်လာဖွယ်ရှိသော လျှပ်စစ်ကားအရွယ်အစားအမျိုးမျိုးတို့၏ တပ်ဆင်ထုတ်လုပ်မှု၊ ပြင်ဆင်ထိန်းသိမ်းမှု၊ စက်ပစ္စည်းအစားထိုးလဲလှယ်မှုအပိုင်းများအတွက် လိုအပ်လျှင် အားကိုးအားထားပြုနိုင်စေရန်ရည်ရွယ်ပြီး ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားအခြေစိုက် NMC(KO)ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် Mr. Woo နှင့် Ms. Lim တို့က ဂျယ်ဂျူကျွန်းကမ်းခြေရှိ အလွန်သာယာလှပသော ရှုခင်းသာကုန်းမြင့်ပေါ်၌ တည်ထားသည့် Sanbangsan Bomunsa ကျောင်းတော်သို့လိုက်ပို့ပေးကြသည်။ Sanbangsan Bomunsa ကျောင်းတော်ကြီးသည် ဂျယ်ဂျူကျွန်း၏ တောင်ဘက်အစွန်းရှိ ရှုခင်းသာကုန်းမြင့်ပေါ်၌တည်ရှိပြီး View Point အနီး၌တည်ထားသည့် ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အဝေးကပင်မြင်နိုင်သည်။ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် အဆိုပါကျောင်းတော်ကြီးသို့ ရောက်ရှိကြသည်။

Sanbangsan Bomunsa ကျောင်းတော်ကြီးမှ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီခန့်၌ ပြန်လည်ထွက်ခွာခဲ့ပြီးနောက် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ ခန့်တွင် Yuchaunsa ကျောင်းတော်ကြီးသို့ရောက်ရှိကြသည်။ ညီညာပြန့်ပြူးသည့် မြေနိမ့်ချိုင့်ဝှမ်းတစ်ခုအတွင်း၌ တည်ရှိသော Yuchaunsa ကျောင်းတော်ကြီးသည်လည်း Sanbangsan Bomunsa ကျောင်းတော်ကြီးကဲ့သို့ပင် ရှေးဟောင်းဗုဒ္ဓကျောင်းတော်ကြီးဖြစ်ပြီး လက်ရာအလွန်မြောက်သော ကိုရီးယားအမျိုးသားအမွေအနှစ်တစ်ခုပင်ဖြစ်သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်တွင် Yuchaunsa ကျောင်းတော်ကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြပြီးနောက် ဂျယ်ဂျူကျွန်း၏ နာမည်ကျော်ကိုရီးယားစားသောက်ဆိုင်တစ်ခု၌ နေ့လယ်စာ စားသုံးကြသည်။ Mr. Woo နှင့် Ms. Lim တို့က တည်ခင်းဧည့်ခံကျွေးမွေးသော နေ့လယ်စာဖြစ်ပြီး အရသာကောင်းမွန်သောကြောင့် ကျေးဇူးတင်မိသည်။ နေ့လယ်စာ စားသုံးရင်းခင်မင်ရင်းနှီးစွာဖြင့် စကားစမြည်ပြောဖြစ်ကြသည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် Jeju-ICC သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ကျော်ကျော်၌ ပြန်လည်ရောက်ရှိကြသည်။ Jeju-ICC တွင် မွန်းလွဲ ၂ နာရီ၌ စတင်ကျင်းပမည့် IEVE ပြပွဲဖွင့်ပွဲအတွက် အစစအရာရာ အသင့်အနေအထား၌ ရှိနေပြီဖြစ်သည်။

သတ်မှတ်အချိန်ဖြစ်သော ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီတိတိတွင် The 6th International Electric Vehicle Expo ပြပွဲဖွင့်ပွဲကို စတင်ကျင်းပရာ တက်ရောက်လာကြသော နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီအသီးသီးတို့မှ ကိုယ်စားပြုဧည့်သည်တော်ကြီးများအားလုံးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် Global EV Association Network (GEAN) ၏ ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ဦးဆောင်၍ ဧည့်သည်တော်များအားလုံး လျှပ်စစ်ကားပြခန်းများ၊ လျှပ်စစ်ဆိုင်ကယ်ပြခန်းများ၊ လျှပ်စစ်ဓာတ်အားသွင်းစက်ပြခန်းများ၊ Autonomous နည်းပညာပြခန်းများ၊ လျှပ်စစ်ကားဆိုင်ရာအပိုပစ္စည်းပြခန်းများ၊ IT နည်းပညာပြခန်းများ၊ ပြင်ဆင်ထိန်းသိမ်းမှုဆိုင်ရာ ပြခန်းများ၊ ဘက်ထရီနှင့် လျှပ်တာပြောင်းကိရိယာပြခန်းများ စသည်တို့ကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုကြသည်။ စမ်းသပ်ကြသည်။ စုံစမ်းမေးမြန်းကြသည်။ နည်းပညာချင်းဖလှယ်ကြသည်။

ပြခန်းများ၏ထိပ်ဆုံး၌ နေရာယူထားသော လျှပ်စစ်ကားမှာ Hyundai ကုမ္ပဏီထုတ် ကမ္ဘာ့အကောင်းဆုံးနှင့် ဈေးအကြီးဆုံးစာရင်းဝင် IONIQ ဇိမ်ခံလျှပ်စစ်ဆလွန်းကားပင်ဖြစ်သည်။ အဖြူရောင်နှင့် နက်ပြာရောင် နှစ်စီးကို နမူနာအဖြစ် ပြသထားသည်။ ၎င်းပြခန်းနှင့်ကပ်လျက်တွင်မူ Samsung နည်းပညာဖြင့် BMW နှင့် Samsung တို့ ပူးတွဲထုတ်လုပ်သော BMW Samsung SDI လျှပ်စစ်ကားပြခန်းပင်ဖြစ်သည်။ ထူးခြားသောဟန်ပန်နှင့် တစ်မူထူးသောဒီဇိုင်းတို့ဖြင့် ပြပွဲလာဧည့်ပရိသတ်များကို ညို့ယူဖမ်းစားထားလျက်ရှိသည်။

လူစီးလျှပ်စစ်ကားပြခန်းများနှင့်အတူ Jeju-ICC ဝင်ပေါက်အနီး ပြသထားသည့် MEV-100 ပြခန်းကလည်း အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ လုပ်ငန်းသုံး ယန္တရားအငယ်စားကလေးဖြစ်ပြီး လမ်းမျက်နှာပြင်မရွေး မောင်းနှင်နိုင်သော Crawler-type Multipurpose Electric Vehicle ဖြစ်သည်။ အမှိုက်လှဲခြင်း၊ မျက်နှာပြင်ညှိခြင်း၊ ပစ္စည်းသယ်ခြင်း၊ ပစ္စည်းတင်ပေးခြင်း၊ ယာဉ်ကြောအမှတ်အသားများ ရိုက်နှိပ်ခြင်း၊ သဲနှင့်ကျောက်စရစ် သယ်ယူပို့ဆောင်ခြင်း၊ ကွန်ကရစ်ဖျော်ရည်သယ်ယူပို့ဆောင်ခြင်းစသောအလုပ်အမျိုးမျိုးကို ပင်မယာဉ်တစ်စီးတည်းဖြင့် လုပ်ဆောင်နိုင်ရန် တီထွင်ထုတ်လုပ်ထားသော လုပ်ငန်းသုံးလျှပ်စစ်ယန္တရားတစ်ခုဖြစ်သည်။ ၎င်းယန္တရားငယ်ကလေးကို လူကိုယ်တိုင်မောင်းနှင်နိုင်သကဲ့သို့ ထိန်းချုပ်မောင်းနှင်ခန်းမှနေ၍ မောင်းနှင်စေခိုင်းနိုင်အောင်လည်း တီထွင်ဖန်တီးထားပြီး လက်တွေ့သရုပ်ဖော်ပြသရာ ဧည့်သည်တော်များအားလုံးတို့က စိတ်ဝင်စားကြသည်။

IEVE ပြပွဲ၌ပြသထားကြသော လျှပ်စစ်ကားနှင့် လျှပ်စစ်ဆိုင်ကယ်များ၏ဒီဇိုင်းကို ခေတ်နှင့်လျော်ညီအောင် ဖန်တီးထုတ်လုပ်ထားကြသည်ကိုလည်း တွေ့ရှိရသည်။ အချို့သော မော်တော်ကားအမှတ်တံဆိပ်တို့က မိမိတို့၏မူလဟန်ပန်ကို မထိခိုက်ရအောင် ဒီဇိုင်းထုတ်ထားကြသကဲ့သို့ အချို့ကမူ လျှပ်စစ်ကားဒီဇိုင်းနှင့် သမားရိုးကျအင်ဂျင်တပ်ကားဒီဇိုင်းကို ခွဲခြားထားကြသည်ကိုလည်း တွေ့ရှိရသည်။ သာဓကအားဖြင့် Land Rover ကားကုမ္ပဏီကထုတ်လုပ်သော Range Rover SUV လျှပ်စစ်ကားသည် မူလသမားရိုးကျအင်ဂျင်တပ်ကား၏ဒီဇိုင်းနှင့် ကွဲပြားမှုသိပ်မရှိလှပေ။ အလားတူပင် Jaguar I-PACE လျှပ်စစ်ကားကလည်း မူလ အင်ဂျင်တပ်ကားဒီဇိုင်းနှင့် ထူးထူးခြားခြား မကွဲပြားလှပေ။

ဂျပန်နိုင်ငံအခြေစိုက် Nissan ကုမ္ပဏီကမူ နာမည်ကျော်လျှပ်စစ်ကား Leaf ၏ဒီဇိုင်းကို မူလသမားရိုးကျအင်ဂျင်တပ်ကားဒီဇိုင်းမှ ခွဲထွက်ခဲ့ပြီးဖြစ်သောကြောင့် Leaf ၏ဟန်ပန်အတိုင်း ဆက်လက်ထုတ်လုပ်ပြသထားသည်ကို တွေ့ရှိရသည်။ တောင်ကိုရီးယားအခြေစိုက် KIA ကားကုမ္ပဏီကလည်း KIA လျှပ်စစ်ကားဒီဇိုင်းကို မူလသမားရိုးကျအင်ဂျင်တပ်ကားဒီဇိုင်းမှခွဲထွက်ပြီး သီးခြားဟန်ပန်များဖြင့်တပ်ဆင်ထုတ်လုပ်ထားသည်ကို တွေ့ရှိရသည်။ IEVE ပြပွဲ၌ လျှပ်စစ်ကားအမှတ်တံဆိပ် အသစ်တစ်မျိုးကို တွေ့ရှိရသည်။ MASTA အမှတ်တံဆိပ်ဖြစ်ပြီး ၎င်းအမှတ်တံဆိပ်ဖြင့် လျှပ်စစ်ဆိုင်ကယ်ဒီဇိုင်းမျိုးစုံ၊ တစ်ယောက်စီး သုံးဘီးလျှပ်စစ်ကား၊ နှစ်ယောက်စီး လျှပ်စစ်ကား၊ လေးယောက်စီးနှင့် ခြောက်ယောက်စီး လျှပ်စစ်ကားများ၊ Delivery Van လျှပ်စစ်ကားများ၊ Mini Box-Truck လျှပ်စစ်ကားများ၊ ပစ်ကပ်လျှပ်စစ်ကားများ၊ Micor-Bus လျှပ်စစ်ကားများ စသည်ဖြင့် သယ်ယူပို့ဆောင်ရေးအထောက်အကူပြု လျှပ်စစ်ကားနှင့် လျှပ်စစ်ဆိုင်ကယ်အရွယ်အစားမျိုးစုံကို ထုတ်လုပ်ပြသထားသည်။


လျှပ်စစ်ကားပြခန်းများနှင့် ဆက်စပ်ပြခန်းများကို လှည့်လည်ကြည့်ရှုအပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၃၀ ၌ Jeju-ICC Level-3 ရှိ Halla Convention Hall ၌ IEVE ပြပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတကာမှကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးမှဧည့်သည်တော်များ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ ကိုရီးယားအဆိုတော်မလေး သုံးဦးတို့က ကိုရီးယားသီချင်းကို သီဆိုတင်ဆက်ပြီးနောက် ကမ္ဘာကျော် Titanic ရုပ်ရှင်ဇာတ်ကား၏ အဓိကဇာတ်ဝင်တေးဖြစ်သော My heart will go on သီချင်းကို တစ်ပိုဒ်စီခွဲ၍ သီဆိုတင်ဆက်ကြရာ ဧည့်ပရိသတ်များက အထူးပင်သဘောကျနှစ်ခြိုက်ကြသည်။ ပြီးနောက် ဂျယ်ဂျူကျွန်းအုပ်ချုပ်ရေးမှူး အမှူးပြုသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်ရှစ်ဦးတို့က စက်ခလုတ်နှိပ်၍ IEVE ပြပွဲကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ GEAN ဥက္ကဋ္ဌကြီးနှင့်တကွ ကမ္ဘာ့လျှပ်စစ်ကားလောကမှ ပညာရှင်ကြီးများက လျှပ်စစ်ကားသမိုင်းကြောင်းနှင့် အနာဂတ်လျှပ်စစ်ကားလောကအတွက် ပြင်ဆင်ထားကြရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၃၀ တွင် Jeju-ICC ၏ အပေါ်ဆုံးထပ်ရှိ Ocean View Restaurant ၌ IEVE ပြပွဲဖွင့်ပွဲအထိမ်းအမှတ် Official Welcome Banquet ကို ကျင်းပပြုလုပ်ရာ GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များက မိမိတို့နိုင်ငံများအလိုက် စင်မြင့်ပေါ်တက်၍ မိတ်ဆက်စကားနှင့် ဆုတောင်းစကားများ ပြောကြားကြသည်။ ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၃၀ ၌ The 6th International Electric Vehicle Expo ပြပွဲအထိမ်းအမှတ် ညစာစားပွဲမှာ ပျော်ရွှင်ကြည်နူးဖွယ်အတိဖြင့် ပြီးဆုံးခဲ့တော့သည်။

IEVE ပြပွဲကို Jeju-ICC ၌ မေ ၁၁ ရက်ထိ ဖွင့်လှစ်ပြသ ကျင်းပပေးသွားမည်ဖြစ်သော်လည်း မိမိမှာ အချိန်မရသည့်အတွက် မေ ၉ ရက် နံနက်ပိုင်းတွင် Jeju မြို့မှ Korean Airline ဖြင့် ဆိုးလ်မြို့သို့လည်းကောင်း၊ ဆိုးလ်မြို့မှ Korean Airline ဖြင့်ပင် ရန်ကုန်မြို့သို့လည်းကောင်း ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၉ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ချောမောစွာ ပြန်လည်ရောက်ရှိခဲ့တော့သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၅၃၉၉၀ စိုက်ပျိုးပြီးစီး

**ဖောင်းပြင် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၅၃၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၄၅၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါးဧက ၅၃၉၉၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ ဖောင်းပြင်မြို့နယ်မှာ မိုးစပါးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးစပါးဧက ၅၄၅၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ အခုဧက ၅၃၉၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးကြဖို့၊ စိုက်ပျိုးနည်းစနစ်တွေမှန်ကန်ဖို့ဆောင်ရွက်ပေးတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာ၌ ဆင်းဧကရီ- ၃၊ ရောမင်း၊ မှော်ဘီ-၂၊ ရွက်သေး၊ သုခရင်၊ ကောက်ညှင်း စသည့်စပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်၊ အခြားဆည်ကန်ရေတို့ အသုံးပြု၍ စိုက်ပျိုးကြကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပျိုးထောင်နည်းလက်တွေ့ပြသခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

# မိုးကောင်းမြို့နယ် ကြိုးကြာကွင်းကျေးရွာတွင် VDP စီမံကိန်းဖြင့် ကျေးရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် အုန်းဘောင်ကျေးရွာအုပ်စု ကြိုးကြာကွင်းကျေးရွာတွင် ကျေးရွာတွင်း သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံတို့နှင့်အတူ ကြိုးကြာကွင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်ဘောင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကြိုးကြာကွင်းကျေးရွာတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် ခုနစ်လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး

\- အသံသာ ချိုကြည်မြ
သီကျူးကြ တို့ရိုးရာ၊
ရှေးမူကို လက်ဆင့်ကိုင်
ထိန်းသိမ်းစို့ဗျာ၊
စည်းဝါးကိုက် အဆိုပညာ
ယှဉ်ပြိုင်ကာ ဆင်နွှဲ၊
ပညာရှင် ပေါင်းစုံတွေ့
ပျော်မွေ့သည့်ပွဲ။

\- ခေါင်း ခါး ခြေ အသွင်မရိုင်း
ကြည့်သူတိုင်း မြတ်နိုးမည်၊
စည်းနရီ ပုံစံကျ
အက လှ စွမ်းရည်၊
ယဉ်ကျေးမှု ရှိပါသည်
တို့မြန်ပြည် ကြိုးပမ်း၊
အဖိုးတန် ဓလေ့ထုံး
ခြယ်မှုန်းလို့လှမ်း။

\- တို့မြန်မာ စာပေအဆင့်
အသွင်တင့် မြင့်မားပေ၊
တေးတံတျာ လက်စွမ်းပြ
လှပလျက်နေ၊
အရေးအစပ် သပ်ရပ်စေ
ရိုးရာအမွေ မပျက်သေး၊
စုပေါင်းညီ ဂုဏ်မညှိုးအောင်
မျိုးချစ်များရေး။

\- ကြေး ကြိုး သားရေ လေ လက်ခုပ်
စွမ်းအားသရုပ် ပေါ်လွင်ကာ၊
ဆိုင်းဝိုင်းရယ် ပတ္တလား စောင်း
စုပေါင်းစုံစွာ၊
သုခုမ အနုပညာ
တူရိယာ ကိုယ်ပိုင်ရှိ၊
ကမ္ဘာဝယ် မြန်မာအစွမ်း
ဂုဏ်လွှမ်းနေ၏။ ။

**ဖြိုးထက်(ရေစကြို)**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ၂၀၂၄ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအရကြားနေပေးရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကို သမ္မတလောင်းနှစ်ဦး တောင်းဆို



**ဂျကာတာ အောက်တိုဘာ ၃၀**

၂၀၂၄ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီကာလအတွင်း နိုင်ငံရေးအရ ကြားနေပေးရန် အင်ဒိုနီးရှားသမ္မတလောင်းနှစ်ဦးတို့က လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုကို ယနေ့တွင် တိုက်တွန်းခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် သမ္မတရာထူးမှအနားယူပြီးချိန်တွင်လည်း နိုင်ငံရေးဩဇာဆက်ထိန်းထားရန် ကြိုးပမ်းနေဖွယ်ရှိသည်ဆိုသော ဝေဖန်သံများပေါ်ထွက်နေစဉ် သမ္မတလောင်းနှစ်ဦးဖြစ်သည့် အန်နီးစ်ဘက်ဒ်ဝီဒန်နှင့် ဂန်ဂျာပရာနိုဝိုတို့က လက်ရှိသမ္မတကို အဆိုပါအတိုင်းတိုက်တွန်းခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် သမ္မတ ဂျိုကိုဝီဒိုဒို၏အကြီးဆုံးသား သမ္မတလောင်းကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တို သည်လည်း ဒုတိယသမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ခွင့်ရထားသည်။

လာမည့်ရွေးကောက်ပွဲကိုကြားဝင်စွက်ဖက်မည်မဟုတ်ကြောင်း ပြောကြားထားသော်လည်း သမ္မတ ဂျိုကိုဝီဒိုဒိုသည် သမ္မတလောင်းကာကွယ်ရေးဝန်ကြီး ဘရာဘိုဝိုကို သွယ်ဝိုက်သောနည်းအားဖြင့် ထောက်ခံမှုပေးထားသည်။

သမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် မည်သည့် သမ္မတလောင်းကိုမဆို လွတ်လပ်စွာ အားပေးထောက်ခံမှုပေးနိုင်ပြီး ၎င်းရရှိထားသည့်ပြည်သူထောက်ခံမှုနှုန်းထားသည် ၂၀၂၄ ရွေးကောက်ပွဲရလဒ်ကို ပုံဖော်ပေးနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူသန်း ၂၀၀ ကျော် ပါဝင်မဲပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးဆန့်ကျင်ရေးဆန္ဒပြသမားများ ဒါဂျက်စတန်လေဆိပ်တစ်ခုကို ဝင်ရောက်စီးနင်း

**မော်စကို အောက်တိုဘာ ၃၀**

ရုရှားနိုင်ငံ ဒါဂျက်စတန်ဒေသ မာခါချကာလာမြို့လေဆိပ်တစ်ခုကို အစ္စရေးဆန့်ကျင်ရေးဆန္ဒပြသမားများက အောက်တိုဘာ ၂၉ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ကြကြောင်း သိရသည်။

အစ္စရေးနိုင်ငံမှ ပျံသန်းလာသည့် ခရီးသည်တင်လေယာဉ်တစ်စင်း အဆိုပါလေဆိပ်သို့ဆင်းသက်ပြီးချိန်တွင် အစ္စရေးဆန့်ကျင်ရေးဆန္ဒပြသမားများက လေဆိပ်ကို ဝင်ရောက်စီးနင်းခဲ့ကြခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် ရုရှားရဲတပ်ဖွဲ့သည် လေဆိပ်လုံခြုံရေးကို ရယူထိန်းချုပ်ခဲ့ရပြီး ဆန္ဒပြသမားဦးရေ ၆၀ ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

လေဆိပ်လုံခြုံရေးကို အပြီးသတ်စစ်ဆေးပြီးချိန်မှသာ လေယာဉ်အဆင်းအတက်များပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း ရုရှားအရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပြီးခဲ့သည့်ရက်များအတွင်း ဒါဂျက်စတန်ဒေသ၌ အစ္စရေးဆန့်ကျင်ရေးလှုပ်ရှားမှုအချို့ စတင်ပေါ်ထွက်ခဲ့သည်။

ဒါဂျက်စတန်ပြည်သူများအနေဖြင့် ပါလက်စတိုင်းပြည်သူများကို ထောက်ထားစာနာသည်မှာမှန်ကန်သော်လည်း လေဆိပ်ကိုဝင်စီးမှုမှာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ဒါဂျက်စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေဆိပ်ကို ဆန္ဒပြသမားများ ဝင်ရောက် စီးနင်းခဲ့သော်လည်း အစ္စရေးမှ ရောက်ရှိလာသည့် လေယာဉ်ပေါ်မှ ခရီးသည်များမှာ ဘေးကင်းလုံခြုံမှုရှိခဲ့သည်ဟု ရုရှားတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှား၌ မိတ်ဆွေနိုင်ငံများမှ နိုင်ငံသားများနှင့်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရေးအတွက် လွယ်ကူရိုးစင်းသောလုပ်ထုံးလုပ်နည်းများဖန်တီးပေးမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ပြောကြား

**မော်စကို အောက်တိုဘာ ၃၀**

ရုရှားအစိုးရအနေဖြင့်မိတ်ဆွေနိုင်ငံများမှနိုင်ငံသားများနှင့်ကုမ္ပဏီများရုရှား၌ရင်းနှီးမြှုပ်နှံရေးအတွက် လွယ်ကူရိုးစင်းသော လုပ်ထုံးလုပ်နည်းများ ဖန်တီးပေးမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားအစိုးရအနေဖြင့်မိတ်ဆွေနိုင်ငံ ၂၅ နိုင်ငံတို့မှ နိုင်ငံသားများနှင့်ကုမ္ပဏီများကို လွယ်ကူရိုးစင်းသော လုပ်ထုံးလုပ်နည်းများဖြင့် ရုရှား၌ဘဏ်စာရင်းဖွင့်ခွင့်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မီရှူစတင်၏အဆိုအရသိရသည်။

ပြည်ပကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေမည့်အခြေအနေမျိုး ဖန်တီးပေးရေးသည် သမ္မတပူတင် ချမှတ်ထားသော အမျိုးသားရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် အကျုံးဝင်ကြောင်း ရုရှားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရုရှားအစိုးရက ဖန်တီးပေးမည့် လုပ်ထုံးလုပ်နည်းစနစ်တွင် တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ ဆော်ဒီအာရေဗျ၊ တူရကီ၊ကာဇက်စတန်နှင့်ဘီလာရုစ် အပါအဝင် နိုင်ငံ ၂၅ နိုင်ငံအကျုံးဝင်မည်ဖြစ်သည်။

ရုရှားအစိုးရသည် ယူကရိန်းစစ်ရေးပဋိပက္ခကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့်ပူးပေါင်းပြီး ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ထားသည့် နိုင်ငံများကို မိတ်ဆွေမဆန်သည့် နိုင်ငံများအဖြစ် သတ်မှတ်ထားသည်။



ဝန်ကြီးချုပ် မီရှူစတင်သည် ရုရှားဝန်ကြီးချုပ်တာဝန်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယ၌ ခရီးသည်တင်ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွား ၁၃ ဦးသေဆုံး၍ ၃၉ ဦး ဒဏ်ရာရရှိ

**ဒေလီ အောက်တိုဘာ ၃၀**

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း အင်ဒရာပရာဒေ့ရှ် ပြည်နယ်၌ အောက်တိုဘာ ၂၉ ရက်က ရထားနှစ်စီးဝင်တိုက်ခဲ့ရာ လူပေါင်း ၁၃ဦးသေဆုံး၍ ၃၉ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရထားနှစ်စီးဝင်တိုက်မှုသည် ဗီဇီယာနာဂါရမ်အမည်ရှိ ခရိုင်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရပ်တန့်ထားသော ခရီးသည်တင်ရထားတစ်စီးကို အခြားခရီးသည်တင်ရထားတစ်စီးက အနောက်မှ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ရထားချင်းဝင်တိုက်မှုကြောင့် ရပ်တန့်ထားသည့်ရထားမှ ခရီးသည်တင်တွဲ နှစ်တွဲ လမ်းချော်ခဲ့ရကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လမ်းချော်ခဲ့သော တွဲနှစ်တွဲပေါ်တွင် ခရီးသည်ဦးရေ၉၀ကျော် လိုက်ပါလာရာ ၎င်းခရီးသည်များအနက် ၁၃ ဦးသေဆုံး၍ ၃၉ ဦး ဒဏ်ရာများရခဲ့ခြင်းဖြစ်သည်။

ပဏာမ စုံစမ်းစစ်ဆေးမှုရလဒ်များအရ ရထားနှစ်စီးဝင်တိုက်မှုဖြစ်စဉ်တွင် လူ့အမှားမကင်းကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုနှစ် ဇူလိုင်လကလည်း အိန္ဒိယအရှေ့ပိုင်း ဩရိဿပြည်နယ်၌ ခရီးသည်တင်ရထားနှစ်စီး ဝင်တိုက်ခဲ့ရာ လူပေါင်း ၃၀၀ နီးပါးသေဆုံးခဲ့ပြီး နှစ် ၂၀ အတွင်း အသေအပျောက်အများဆုံးရထားမတော်တဆမှု ဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အရပ်သားပြည်သူကာကွယ်ရေးတပ်များ ဂါဇာသို့စေလွှတ်ဖြန့်ကြက်ရန် တောင်အာဖရိကနိုင်ငံက ကုလသမဂ္ဂကို တောင်းဆို

**ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၃၀**

ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားများကို ကာကွယ်ရေးအတွက် အရပ်သား ပြည်သူကာကွယ်ရေးတပ်များ စေလွှတ်ဖြန့်ကြက်ရန် တောင်အာဖရိကနိုင်ငံက ယနေ့တွင် ကုလသမဂ္ဂကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု၏ အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ကို တိုက်ခိုက်မှုများမြှင့်တင်လုပ်ဆောင်နေချိန်တွင် တောင်အာဖရိကနိုင်ငံက အဆိုပါအတိုင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တောင်အာဖရိက နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အားပေးထောက်ခံသည့်နိုင်ငံဖြစ်ပြီး ပါလက်စတိုင်းများ ရင်ဆိုင်နေရသည့်ဒုက္ခကို ၁၉၉၄ ခုနှစ်တွင် အဆုံးသတ်ခဲ့သော လူဖြူအုပ်စိုးမှုခေတ်အောက်၌ တောင်အာဖရိကပြည်သူများ ရပ်တည်ခဲ့ရပုံနှင့် ခိုင်းနှိုင်းဥပမာပြုထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံ၌ လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ရသည်။

ဟားမတ်စ်အုပ်စု၏ လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားမှုကို တင်းကျပ်၍ လေကြောင်း တိုက်ခိုက်မှုများနှင့် မြေပြင်ထိုးစစ်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အစ္စရေး-ဟားမတ်စ်စစ်ရေးပဋိပက္ခအတွက် ကမ္ဘာ့နိုင်ငံအများစုက အပစ်အခတ်ရပ်စဲရန် သို့မဟုတ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးခွင့်ရရန် တောင်းဆိုနေကြချိန်တွင် တောင်အာဖရိကနိုင်ငံက အရပ်သားပြည်သူ ကာကွယ်ရေးတပ်များ ဖြန့်ကြက်ပေးရန် ကုလသမဂ္ဂကို တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက အောက်တိုဘာ ၂၉ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အောက်တိုဘာ ၂၉ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ပင်မ ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖုံးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး မိနစ် ၆၀ ကျော်အကြာတွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ကြာသပတေးဂြိုဟ်၏ ဂါနီမီဒီဂြိုဟ်ရံလမျက်နှာပြင်ကို နိုင်ငံတကာသိပ္ပံပညာရှင်များ လေ့လာနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ကြာသပတေးဂြိုဟ်၏ ဂါနီမီဒီဂြိုဟ်ရံလ မျက်နှာပြင်ကို နိုင်ငံတကာ သိပ္ပံပညာရှင်များ လေ့လာနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသော သတင်းအချက်အလက်များအရ ဂါနီမီဒီဂြိုဟ်ရံလကို အလင်းပြန်အားကောင်းသော ရေခဲနယ်မြေ၊ မှောင်မိုက်သောနယ်မြေပုံစံမျိုးက ဖုံးလွှမ်းထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အလင်းပြန်အားကောင်းသည့် ရေခဲနယ်မြေများသည် ဂါနီမီဒီဂြိုဟ်ရံလမျက်နှာပြင်သုံးပုံနှစ်ပုံခန့်ကို ဖုံးလွှမ်းထားကြောင်း သိရသည်။



သို့ရာတွင် မိမိတို့အနေဖြင့် ဂါနီမီဒီဂြိုဟ်ရံလ မျက်နှာပြင်ဖွဲ့စည်းပုံ၏ မူလအစကို နားလည်ရန်လိုသေးကြောင်း သိပ္ပံပညာရှင်များက ဝန်ခံထားသည်။

ဂါနီမီဒီဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ရံလများအနက် အရွယ်အစားအကြီးမားဆုံးဂြိုဟ်ရံလဖြစ်သည်။

အဆိုပါဂြိုဟ်သည် နေကိုဗဟိုလှည့်ပတ်ခြင်း မရှိသည့်မှတစ်ပါး ဂြိုဟ်များ၏ဖွဲ့စည်းတည်ဆောက်ပုံကို ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဂျပန်သိပ္ပံပညာရှင်များက နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ ကြွက်များ၏သန္ဓေမျိုးစေ့ကို ပထမဆုံးအကြိမ် အောင်မြင်စွာမွေးမြူနိုင်ခဲ့

**တိုကျို အောက်တိုဘာ ၃၀**

ဂျပန်သိပ္ပံပညာရှင်များသည် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ကြွက်များ၏သန္ဓေမျိုးစေ့ကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ မွေးမြူနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ဂျပန်သိပ္ပံပညာရှင်များသည် အအေးခဲတင်ပေးထားသည့်ကြွက်သန္ဓေမျိုးစေ့များကို ၂၀၂၁ ခုနှစ်ဩဂုတ်လက နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်သို့ ပို့ဆောင်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ဖြုပ်ဆွဲအား သုညအဆင့်အောက်တွင် ကြွက်သန္ဓေမျိုးစေ့များသည် ဘလပ်စတိုဆိုက်(Blastorysts) ခေါ် သန္ဓေသားနှင့်အချင်းအဖြစ် ပြောင်းလဲသွားနိုင်သော ဆဲလ်ပုံစံအဖြစ်သို့ ပုံမှန်အတိုင်း ပြောင်းလဲသွားသည်ကို တွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကြွက်သန္ဓေမျိုးစေ့၏မျိုးဗီဇ အခြေခံမော်လီကျူးများနှင့် မျိုးဗီဇများတွင်လည်း သိသာသည့် အပြောင်းအလဲ မတွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂျပန် သိပ္ပံပညာရှင်များသည် အဆိုပါ ကြွက်သန္ဓေမျိုးစေ့များ ကမ္ဘာပေါ်သို့ရောက်လာချိန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏စမ်းသပ်မှုမှထွက်ပေါ်လာသောရလဒ်များအရ လူသားများအနေဖြင့်လည်း အာကာသအတွင်း မျိုးဆက်ပြန့်ပွားနိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည်ကို တွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## လမ်းသွက်သွက်လျှောက်ခြင်း ပုံမှန်ပြုလုပ်ပါက ပန်းသေပန်းညှိုးလူနာများအတွက် ထိရောက်မှုရှိ

**နယူးယောက် အောက်တိုဘာ ၃၀**

လမ်းသွက်သွက်လျှောက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းမျိုးပုံမှန်ပြုလုပ်ပါက ပန်းသေပန်းညှိုးပြဿနာရင်ဆိုင်နေရသည့် အမျိုးသားများအတွက် ထိရောက်မှုရှိကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

ပုံမှန် လေ့ကျင့်ခန်းပြုလုပ်မှုသည် ပန်းသေပန်းညှိုးလူနာအမျိုးသားများအတွက် ဗိုင်အာဂရာဆေးသုံးသကဲ့သို့ပင် ထိရောက်မှုရှိကြောင်း အမေရိကန်နိုင်ငံ ဘေလားကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပန်းသေပန်းညှိုးရောဂါကို ကုသရေးအတွက် လေ့ကျင့်ခန်းပြုလုပ်မှုနှင့် ဆေးဝါးသုံးစွဲမှုတို့၏ထိရောက်မှုကို အမျိုးသား ၁၁၄၇ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်သူများနှင့်ဗိုင်အာဂရာ၊ Cialis ကဲ့သို့ဆေးများ သုံးစွဲသူများကြား ပန်းသေပန်းညှိုးပြဿနာ လျော့ပါးသက်သာမှုနှုန်းမှာ ကွာဟချက်များကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

သို့ဖြစ်ရာ ကိုယ်ကာယလေ့ကျင့်ခန်းများကို ပန်းသေပန်းညှိုးရောဂါအတွက် ဆေးဝါးလွတ်ကုထုံးအဖြစ် သတ်မှတ်သင့်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ထို့ပြင် ရောဂါပြင်းထန်သော ပန်းသေပန်းညှိုးရောဂါ လူနာအမျိုးသားများပင်လျှင် လေ့ကျင့်ခန်းပြုလုပ်မှု၏အကျိုးကို ခံစားရယူနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မခွဲစိတ်မီ နေ့စဉ်ခြေလှမ်း ၇၅၀၀ လျှောက်ပါက ခွဲစိတ်ပြီးနောက် ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် အောက်တိုဘာ ၃၀**

ခွဲစိတ်ကုသမှု ခံယူကြရမည့်လူနာများအနေဖြင့် ခွဲစိတ်မှုမခံယူမီ နေ့စဉ်ခြေလှမ်း ၇၅၀၀ ထိ လမ်းလျှောက်ပေးပါက ခွဲစိတ်မှုခံယူပြီးနောက်ပိုင်း နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝမ်ကွန်ဆင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခွဲစိတ်မှုခံယူကြရမည့် လူနာများအနေဖြင့် မခွဲစိတ်မီအတွင်း နေ့စဉ်ခြေလှမ်း ၇၅၀၀ ထိ လမ်းလျှောက်ပေးပါက ခွဲစိတ်ပြီး ရက် ၉၀ အတွင်း နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ဝင်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုခံယူပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများသည် လူနာများဆေးရုံဆင်း၍ နေအိမ်ပြန်ရောက်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၇၅ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြပြီး လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ခွဲစိတ်မှုမခံယူမီ နေ့စဉ်ခြေလှမ်း ၇၅၀၀ လျှောက်သူများနှင့် နှိုင်းယှဉ်ပါက နေ့စဉ်ခြေလှမ်း ၇၅၀၀ ထိ လျှောက်ထားသူများတွင် ခွဲစိတ်မှုခံယူပြီး ရက် ၉၀ အတွင်း နောက်ဆက်တွဲကျန်းမာရေး ပြဿနာများ ဝင်လာနိုင်ခြေ ၄၅ ရာခိုင်နှုန်း နည်းပါးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ရိုးမားအသင်းက တိုက်စစ်မှူးလူကာကူကို အေဘရာဟမ်နှင့် အလဲအထပ်ပြုလုပ်ရန် ချဲလ်ဆီးအသင်းထံ ကမ်းလှမ်း




**ရောမ အောက်တိုဘာ ၃၀**

ရိုးမားအသင်းသည် ချဲလ်ဆီးအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်မှူးလူကာကူကို အသင်းမှတိုက်စစ်မှူး အေဘရာဟမ်နှင့် အလဲအထပ်ပြုလုပ်ရန် ချဲလ်ဆီးအသင်းကို ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် တိုက်စစ်မှူး လူကာကူကို အသင်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသောကြောင့် နွေရာသီအပြောင်းအရွှေ့ကာလက ရိုးမားအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ရိုးမားအသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ရှစ်ဂိုးထိသွင်းယူခြေစွမ်းပြ၍ အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ယခုအခါအသင်းမှ တိုက်စစ်မှူး အေဘရာဟမ်နှင့် အလဲအထပ်ပြုလုပ်ရန် ချဲလ်ဆီးအသင်းထံကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် လူကာကူကို အပြီးသတ်ခေါ်ယူလိုသော်လည်း ငွေကြေးသုံးစွဲလိုခြင်း မရှိသဖြင့် ချဲလ်ဆီးအသင်းက ဝယ်ယူထားသည့် တိုက်စစ်မှူးအေဘရာဟမ်ကို အသုံးပြု၍ ကစားသမားလဲလှယ်သွားရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၂၆ နှစ်ရှိ အေဘရာဟမ်သည် ၂၀၂၂ ခုနှစ်ကချဲလ်ဆီးအသင်းမှ ရိုးမားအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၀၇ ပွဲတွင် သွင်းဂိုး ၃၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရကာ ခြေစွမ်းပိုင်းကျဆင်းခဲ့ပြီး လက်ရှိတွင်လည်း အရွတ်ထိခိုက်မှုဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသကဲ့သို့ လာမည့်နှစ် ဖေဖော်ဝါရီလမှသာ အသင်းနှင့်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# လာမည့်နွေရာသီတွင် ဘာနာဒိုဆေးဗားကို လက်လွှတ်ရနိုင်ကြောင်း နည်းပြဂွါဒီယိုလာ ပြောကြား

**မန်ချက်စတာ အောက်တိုဘာ ၃၀**

ဘာစီလိုနာအသင်းက ကာလရှည်စိတ်ဝင်စားနေသည့် ကွင်းလယ် ကစားသမား ဘာနာဒိုဆေးဗား အနေဖြင့် အသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်ထိသက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသော်လည်း လာမည့်နွေရာသီတွင် ၎င်းကိုလက်လွှတ်ရနိုင်ဖွယ်ရှိကြောင်း နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာနာဒိုဆေးဗားသည် မန်စီးတီးအသင်းကွင်းလယ်တွင် အရေးပါသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် နည်းပြဂွါဒီယိုလာက ၎င်းကိုရောင်းချရန် အစီအစဉ်မရှိသော်လည်း ဘာစီလိုနာအသင်းက လာမည့်နွေရာသီတွင် ဘာနာဒိုဆေးဗားကို ခေါ်ယူသွားမည်ဖြစ်ကြောင်း တရားဝင်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ နည်းပြဂွါဒီယိုလာက ကစားသမားနှင့် ၁၀ မိနစ်ကြာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် မန်စီးတီးအသင်းအနေဖြင့် လာမည့်နွေရာသီတွင် ဘာနာဒိုဆေးဗားကို ဆုံးရှုံးရနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာက"မန်စီးတီးအသင်းပရိသတ်နဲ့ အသင်းဖော်တွေက ဘာနာဒိုဆေးဗားကိုချစ်ခင်ကြပါတယ်။ ကျွန်တော် သူနဲ့ ၁၀ မိနစ်လောက် အသင်းအကြောင်း၊ ကျွန်တော့်အကြောင်းတွေ စကားပြောခဲ့တာပါ။ သူဟာ အသင်းမှာ အစားထိုးလို့မရနိုင်တဲ့ကစားသမားတစ်ဦးပါ။ အသင်းအနေနဲ့ သူ့ကို လာမဲ့ နွေရာသီအပြောင်းအရွှေ့မှာ လက်လွှတ်ရမှာကို စိုးရိမ်မိပါတယ်" ဟု ပြောကြားခဲ့သည်။

ဘာနာဒိုဆေးဗားသည် ယခုနှစ်ဘောလုံးရာသီ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML




# ပရိသတ်များတိုက်ခိုက်မှုကြောင့် မာဆေးနှင့်လိုင်ယွန်အသင်းတို့ပွဲစဉ် ရွှေ့ဆိုင်းခဲ့ရ

**ပဲရစ် အောက်တိုဘာ ၃၀**

ပြီးခဲ့သည့် တနင်္ဂနွေနေ့က မာဆေးအသင်းနှင့် အမှတ်ပေးပြိုင်ပွဲကစားရန် ထွက်ခွာလာသည့် လိုင်ယွန်အသင်းပိုင် ဘတ်စကားသည် မာဆေးအသင်းကစားကွင်းသို့ ရောက်ရှိချိန်တွင် ပရိသတ်များက ခဲများဖြင့် ဝိုင်းပေါက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိမှုများရှိခဲ့ပြီး အဆိုပါပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် လိုင်ယွန်အသင်း နည်းပြဂရော့ဆိုအနေဖြင့် ပြတင်းပေါက်မှန်ကွဲများ ထိမှန်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့်အပြင် နည်းပြအဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သောကြောင့် လိုအပ်သည့် ဆေးကုသမှုများပြုလုပ်ခဲ့ပြီးနောက် နှစ်ဖက်အသင်း တာဝန်ရှိသူများ ဆွေးနွေးမှုပြုလုပ်ခဲ့ကာ ပွဲကစားချိန် ၁၅ မိနစ်အလိုတွင် ပြိုင်ပွဲကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။

လိုင်ယွန်အသင်းပိုင်ရှင်တက်ခ်တာက "နည်းပြ ဂရော့ဆိုအနေနဲ့ မျက်နှာကို မှန်ကွဲစထိမှန်ခဲ့တာကြောင့် ဒဏ်ရာရရှိခဲ့ပါတယ်။ လက်ရှိမှာ သူ့အနေနဲ့စကားမပြောနိုင်သေးပါဘူး။ ကျွန်တော်တို့အသင်းအနေနဲ့ ကစားသမားတွေရော နည်းပြအဖွဲ့တွေကပါ အခုပွဲစဉ်ကိုကစားဖို့ အားလုံးပြင်ဆင်လာခဲ့တာပါ။ကျွန်တော်တို့ ပရိသတ်တွေကလဲ အခုပွဲစဉ်ကို ကြည့်ရှုချင်နေကြတာပါ။ ဒါပေမဲ့ အခုလိုဖြစ်စဉ်ကြောင့် ဒေါသဖြစ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

လိုင်ယွန်အသင်းအနေဖြင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရန်အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သော်လည်း ကွင်းလယ်ဒိုင်နှင့် လီဂူးဝမ်းအဖွဲ့ချုပ်က ပြိုင်ပွဲကိုရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ပြီး ပရိသတ်များအနေဖြင့်လည်း တရားဝင်ကြေညာချက်ထုတ်ပြန်ချိန်မှသာ ကွင်းအတွင်းမှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဘတ်စကားကို ခဲဖြင့်ပစ်ပေါက်ခဲ့သည့်ဖြစ်စဉ်တွင် သံသယရှိသူ ခုနစ်ဦးကိုဖမ်းဆီးခဲ့ပြီး ထိရောက်သည့် အရေးယူမှုများပြုလုပ်ရန် စစ်ဆေးလျက်ရှိကြောင်း ပြင်သစ်အားကစားဝန်ကြီး ကက်ထရာကလူမှုကွန်ယက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းက နော့တင်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆာလာဟ်သည် ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းပွဲစဉ် ငါးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့သည့် တတိယမြောက် လီဗာပူးကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။
- ကယ်ဗင်ဖီးလစ်ကို နယူးကာဆယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေမှုကြောင့် မန်စီးတီးအသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ရရှိပါက ထွက်ခွာခွင့်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းဂိုးသမား ရမ်ဒေးလ်က ပထမဂိုးသမားနေရာကို ရာယာအား လက်လွှဲပေးခဲ့ရပြီးနောက် အသင်းမှ ထွက်ခွာရန်ကြိုးပမ်းလာသဖြင့် အသင်းတာဝန်ရှိသူများက လာမည့်နွေရာသီတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည့် တိုနီခရုးစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်သေချာနေသောကြောင့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်၊ မန်စီးတီး၊ မန်ယူနှင့် စပါးအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ML

# Qatar Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟလီမာကီ ဆွတ်ခူး

**ဒိုဟာ အောက်တိုဘာ ၃၀**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် Qatar Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖင်လန်နိုင်ငံသား ဟလီမာကီက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟလီမာကီသည် နောက်ဆုံးနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ကမ်ပီလိုနှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဟလီမာကီကအနိုင်ရရှိခဲ့သည်။

Play-off တွင် ရှုံးနိမ့်ခဲ့သည့် ကမ်ပီလိုက ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီးနောက် စကော့တလန်ဂေါက်သီးရိုက်ကစားသမား ဂျမ်မီဆန်နှင့် စပိန်ဂေါက်သီးရိုက်ကစားသမားအယ်ဗီရာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဟလီမာကီအတွက် ၂၀၂၀ ပြည့်နှစ် Oman Open ဂေါက်သီးရိုက်ပြိုင်ပွဲအပြီး ပထမဦးဆုံးပြန်လည်ဆွတ်ခူးနိုင်ခဲ့သည့် ချန်ပီယံဆုဖလားဖြစ်သည်။

ကမ်ပီလိုသည် ၂၀၂၀ ပြည့်နှစ်တွင် Qatar Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး Qatar Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယအကြိမ်မြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း Play-off အဆင့်တွင် အမှားအယွင်းများခဲ့ပြီး ဟလီမာကီကတစ်ချက်အသာဖြင့် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည်။



ဟလီမာကီက "ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် အရမ်းကို အကြိတ်အနယ်ဖြစ်ခဲ့ပါတယ်။ စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ နောက်ဆုံးနေ့ရဲ့ နောက်ဆုံးကျင်းထိ ချန်ပီယံဆုအတွက် အဖြေမပေါ်ခဲ့သလို Play-off မှာလဲ ချန်ပီယံဆုရှင်အဖြေပေါ်ဖို့ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့အတွက် အများကြီးပြင်ဆင်ခဲ့ရသလို ပြိုင်ပွဲအတွင်းမှာလဲ အများကြီး ကြိုးစားခဲ့ရတယ်။ ဒီတစ်ခါမှာတော့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၃၀**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် ပြည်နယ်နှင့်တိုင်း ဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ) တွင် ကျင်းပခဲ့ကြောင်း သိရသည်။




ဦးစွာအမျိုးသမီးပြိုင်ပွဲ အုပ်စု ပွဲစဉ်များအဖြစ် တနင်္သာရီတိုင်း ဒေသကြီးအသင်းနှင့်မန္တလေးတိုင်း ဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစား ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်း က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ရခိုင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊စစ်ကိုင်း တိုင်းဒေသကြီးအသင်းနှင့်ဧရာဝတီ တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင် ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက သုံးပွဲပြတ်ဖြင့်လည်း ကောင်း အသီးသီးအနိုင်ရရှိခဲ့ ကြသည်။

အလားတူ အမျိုးသားပွဲစဉ်များ အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင် ကစားခဲ့ရာ ကချင်ပြည်နယ်အသင်း က သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်း နှင့် ချင်းပြည်နယ်အသင်းတို့ယှဉ်ပြိုင် ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်း ဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိ ခဲ့ကြကြောင်း သိရသည်။

**STA**

# Vienna Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ဆင်နာ ဆွတ်ခူး

**ဗီယင်နာ အောက်တိုဘာ ၃၀**

ဩစတြီးယားနိုင်ငံ ဗီယင်နာ မြို့တွင်ကျင်းပခဲ့သော Vienna Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ် အဖြစ် ရုရှားတင်းနစ်ကစားသမား မက်ဒဗက်ဒက်နှင့် အီတလီတင်းနစ် ကစားသမား ဂျန်နစ်ဆင်နာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာ က (၇-၆ ၊ ၄-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူး ခဲ့ကြောင်း ယနေ့တွင် ဖော်ပြ ခဲ့သည်။

မက်ဒဗက်ဒက်နှင့်ဂျန်နစ်ဆင်နာ တို့သည် ယခုနှစ် တင်းနစ်ရာသီ အတွင်းဗိုလ်လုပွဲစဉ်တွင် နှစ်ကြိမ် တိုင်တိုင်တွေ့ဆုံခဲ့သလို နှစ်ကြိမ် စလုံးတွင် ဂျန်နစ်ဆင်နာက အနိုင် ရရှိခဲ့သည်။

ဂျန်နစ်ဆင်နာသည် ပထမ ပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး ပထမပွဲငယ်တွင် အနိုင်ရရှိခဲ့ကာ ဒုတိယပွဲငယ်တွင် မက်ဒဗက်က ပြတ်သားသည့်ရလဒ် ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သဖြင့် အဆုံးအဖြတ်ပွဲစဉ်တွင် ဂျန်နစ် ဆင်နာက ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိကာ ချန်ပီယံ ဆုကို ဆွတ်ခူးခဲ့သည်။

ဂျန်နစ်ဆင်နာ အနေဖြင့် အီတလီတင်းနစ် လောကတွင် တစ်ဦးချင်း ဆုဖလားအများဆုံး ဆွတ်ခူးရရှိထားသည့် ကစား သမားအဖြစ်လည်း မှတ်တမ်းဝင် ခဲ့သည်။

ဂျန်နစ်ဆင်နာက "ဒီဗိုလ်လု ပွဲစဉ်မှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ သာမကရုပ်ပိုင်းဆိုင်ရာမှာ ရာနှုန်း ပြည့်ကောင်းမွန်ဖို့လိုအပ်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ နှစ်ယောက်စလုံးက အကောင်းဆုံးကစားနိုင်ခဲ့ကြတယ်။ စပေးဘောတွေလဲ နှစ်ယောက်စလုံး အမှားကင်းခဲ့ကြတယ်။ မက်ဒဗက် ဟာ စပေးဘောအရမ်းကောင်းတဲ့ ကစားသမား တစ်ယောက်ပါ။ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ပြီး ကျွန်တော်လိုချင်နေတဲ့ ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူ ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# ဒီဇင်ဘာလတွင်ထိုးသတ်မည့်စိန်ခေါ်မှုကိုလက်မခံပါက WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်စွန့်လွှတ်ရန် တိုင်ဆန်ဖျူရီကို အလက်ဇန်းဒါးအူဆက်ခ် သတိပေး

**ကိယက်ဗ် အောက်တိုဘာ ၃၀**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်များကို ဆွတ်ခူး ထားသည့် ယူကရိန်းလက်ဝှေ့ သမား အလက်ဇန်းဒါးအူဆက်ခ် သည် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရရေးအတွက် WBC ကမ္ဘာ့ ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်လိုအပ်နေသည်။

လက်ရှိ WBC ကမ္ဘာ့ဟဲဗီး ဝိတ်တန်း ချန်ပီယံခါးပတ်ကို တိုင်ဆန်ဖျူရီက ဆွတ်ခူးထား ပြီး အလက်ဇန်းဒါးအူဆက်ခ်က တိုင်ဆန်ဖျူရီနှင့် ထိုးသတ်ရန် စိန်ခေါ်မှု အကြိမ်ကြိမ်ပြုလုပ် ခဲ့သည်။

တိုင်ဆန်ဖျူရီက အလက် ဇန်းဒါးအူဆက်ခ်၏ စိန်ခေါ်မှုကို လက်မခံဘဲ UFC ကမ္ဘာ့ဟဲဗီး ဝိတ်တန်းချန်ပီယံဟောင်း ဖရန်စစ် နှင့်သာထိုးသတ်ရန် ဆုံးဖြတ်ခဲ့သည်။

စည်းမျဉ်း၊ စည်းကမ်းအရ တိုင်ဆန်ဖျူရီသည် လက်ရှိချန်ပီယံ ဆုကိုကာကွယ်ရမည့်အချိန်ရောက် လာပြီဖြစ်ပြီး လာမည့်ဒီဇင်ဘာလ တွင် လက်ရှိချန်ပီယံဆုကိုကာကွယ် ရန် အလက်ဇန်းဒါးအူဆက်ခ်က ထပ်မံစိန်ခေါ်မှုပြုလုပ်ခဲ့သည်။

တိုင်ဆန်ဖျူရီအနေဖြင့် လာမည့် ဒီဇင်ဘာလတွင် စိန်ခေါ်ပွဲထိုးသတ် သွားရန် ငြင်းဆန်နေမည်ဆိုပါက WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဆုကို စွန့်လွှတ်ရန်သတိပေးခဲ့ ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီ၏ Pormoter ဖြစ်သူဖရန့်ဝါရင်က "ဒီဇင်ဘာ ၂၃ ရက်မှာ WBC ကမ္ဘာ့ဟဲဗီး ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်ဖို့အတွက် စိန်ခေါ်မှုတွေ ပြုလုပ်လာတာရှိပါတယ်။ ဒီဇင်ဘာ လအတွင်းမှာ စိန်ခေါ်ပွဲထိုးသတ် သွားဖို့ မဖြစ်နိုင်သေးပါဘူး။ တိုင်ဆန်ဖျူရီဟာအခုမှ ဖရန်စစ်လို ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ထိုးသတ်ပြီးခဲ့တာပါ။သူ့အဆင်သင့် ဖြစ်နိုင်တဲ့အချိန် ရောက်လာရင် စိန်ခေါ်ပွဲထိုးသတ်ဖို့အတွက် လက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဖီဖာက စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ရူဘီယာလက်စ်ကို ဘောလုံးလောကနှင့်ပတ်သက်ခွင့် သုံးနှစ်ပိတ်ပင်

**မက်ဒရစ် အောက်တိုဘာ ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ရူဘီယာလက်စ်ကို အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားမှ ဖြစ်ရပ် အတွက် ဘောလုံးလောကနှင့် ပတ်သက်ခွင့် သုံးနှစ်ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၄၆ နှစ်ရှိ ရူဘီယာ လက်စ်သည် စပိန်နိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးကို နှစ်ကြိမ်မြောက် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ပထမ အကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၁၈ ပြည့်နှစ် မတ် ၂၂ ရက်မှစတင်ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဆက်လက်ပြီး ဒုတိယအကြိမ် အဖြစ် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်မှစတင်ပြီး ယခုနှစ် စက်တင်ဘာ ၁၀ ရက်ထိ တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ကာ ပြီးခဲ့သည့် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားမှ ဖြစ်ရပ် ကြောင့် စက်တင်ဘာ ၁၀ ရက်က တာဝန်မှရပ်ဆိုင်းခဲ့ရသူဖြစ်သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲတွင် စပိန်အမျိုးသမီးအသင်း က ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပ ခဲ့ရာ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရူဘီယာလက်စ်က ဆုပေးပွဲ အခမ်းအနားစင်မြင့်ထက် လူမြင် ကွင်းတွင် စပိန်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား ဟာမိုဆိုကို နမ်းခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ထို့နောက် ရူဘီယာလက်စ်၏ လုပ်ရပ်ကို စပိန်အမျိုးသမီး အသင်းမှကစားသမားများအားလုံး က ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ် ခဲ့ကြပြီး ဥက္ကဋ္ဌရာထူးမှနုတ်ထွက် ရန် ဝိုင်းဝန်းတောင်းဆိုခဲ့ပြီး စပိန်အားကစားကောင်စီက ရူဘီ ယာလက်စ်ကို တာဝန်မှရပ်ဆိုင်းခဲ့ ပြီးနောက် ယခုအခါကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က သုံးနှစ်ပိတ်ပင်ခဲ့ ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှမ်းယူနိုက် တက်အသင်းနှင့် ဒဂုံစတားအသင်း တို့ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက် တက်အသင်းက တန်းတက်ဒဂုံစတား အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများ ကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဒဂုံစတားအသင်းက အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၄၀ တွင် ဝေလင်းအောင်က ဒဂုံ စတားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမ ပိုင်းအပြီးတွင် ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင် ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ချေပဂိုးနှင့် ဦးဆောင်ဂိုးများ လိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းက ပိုမို တိုက်စစ်မြင့်ဖိအားပေးကစားလာခဲ့ သောကြောင့် ဒဂုံစတားအသင်း ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့သော် လည်း ပွဲချိန် ၆၂ မိနစ်တွင် လင်းလတ်စိုး၊ ပွဲချိန် ၆၇မိနစ်တွင် နန္ဒကျော်နှင့် ပွဲချိန် ၉၃ မိနစ်တွင် ရဲမင်းသူတို့က ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများသွင်း ယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန် တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းက ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အလောင်းမင်းတရားကြီး ဦးအောင်ဇေယျခေတ် စာပေနှင့် အနုပညာယဉ်ကျေးမှု

မြန်မာစာပေသည် ကုန်းဘောင်ခေတ်ဦးပိုင်းမှစ၍ ဖွံ့ဖြိုးစည်ပင်ခဲ့ပေသည်။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အဝရွှေပြည်ကြီး ပျက်စီးပြီးနောက် အလောင်းမင်းတရားကြီးသည် နိုင်ငံတော်သစ်တည်ထောင်ကာ ရတနာသိယ်ကုန်းဘောင်ရွှေမြို့တော်ကို သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ပြဋ္ဌာန်းဖွင့်တော်မူခဲ့၏။ မင်းတရားကြီး၏ အားပေးချီးမြှောက်မှုကြောင့် ရတနာသိယ်စာပေဥယျာဉ်တွင် ကဗျာ၊ လင်္ကာ ပန်းပေါင်းစုံတို့ သင်းထုံမြမြ ဖူးပွင့်ခဲ့ကြရပေသည်။ ရတနာသိယ်ကုန်းဘောင်ရွှေမြို့တော်တွင် ပျို့၊ ရတု၊ မော်ကွန်း၊ ရာဇသတ်၊ ဓမ္မသတ်၊ ဇာတ် အစရှိသည့်စာပေတို့သည် အဆင်အသွေးမျိုးစုံစွာ ထောက်ပခဲ့လေသည်။

**ရန်အောင်ဇလ (၁၀၈၀-၁၁၃၀ ခန့်)**

ရန်အောင်ဇလသည် အလောင်းမင်းတရားကြီးလက်ထက် တက်ခေါင်းရွာမှုဆောင်ဖြစ်၏။ ကဗျာလင်္ကာသီကုံးရာတွင် လျင်မြန်လှသောကြောင့် အပါးတော်မြဲစေ၏။ သီချင်းဝန်ခန့်ထားခြင်းခံရ၏။

သက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလဆန်း ၁ ရက်၌ အလောင်းမင်းတရားကြီးသည် ပဲခူးဟံသာဝတီသို့ ချီတော်မူခဲ့၏။ ကျောက်မြောင်းမှ ပြည်ထိ ဧရာဝတီမြစ်ကြောင်းအတိုင်း ၁၀ စခန်း(၁၀ ရက်)ဖြင့် ချီတော်မူရာတွင် ခြောက်စခန်းမြောက်ဖြစ်သော ရန်ပယ်အရပ် (ယခုရွာပဲခေါ် ရဘဲအရပ်)တွင် ကမ်းပြိုသောကြောင့် ကမ်းထိပ်၌ပေါက်သော ထန်းပင်သည် ဖောင်တော်သို့ ညွတ်၍ ထိလာ၏။ ထိုအခါ အလောင်းမင်းတရားကြီးက အကြောင်းနိမိတ်ကို ဆင်ခြင်၍ နှလုံးမသာရှိလေရာ ရန်အောင်ဇလအမတ်က ကေပိုဒ်လင်္ကာကို ရုတ်ခြည်းဖွဲ့ဆိုလျှောက်ထားခဲ့၏။ ၎င်းလင်္ကာမှာ-

"သစ်သစ်မင်္ဂလာ၊ နှစ်နှစ်နာလော့၊ အံ့အာသူရဲ၊ ကြုံတောင့်ခဲကို၊ အောင်ပွဲကြီးရှင်၊ လောင်းသိုက်ဝင်၏၊ စက်ရှင်ရေနန်း၊ ခြောက်စခန်းတွင်၊ ထန်းပဒေသာ၊ လေမသာဘဲ၊ စကြာဖောင်ဦး၊ ညွတ်လာဖူးရှင့်၊ အထူးအတိတ်၊ ထိုနိမိတ်ကြောင့်၊ ဗျာဒိတ်သိုက်တိုင်း၊ တလိုင်းသုံးရပ်၊ ညွတ်ပျပ်တိုးဝင်၊ ဟံသာဝတီထမ်းနံ၊ ကမ်းယံပဲခိုး၊ ဝပ်လျှိုးကြရာ၊ စကြာရောက်ကြောင်း၊ တက်ခေါင်းမှုဆောင်၊ ရန်အောင်ဇလ၊ ဘုရားကျွန်တော်၊ ရေးကိုမျှော်၍ သံတော်ဦး တင်ဝံ့သည်ဘုရား" ဟူ၍ ဖြစ်သည်။

အလောင်းမင်းတရားကြီး လက်ထက်တွင်ပင် ရန်အောင်ဇလသည် ဟံသာဝတီရောက်မင်းတရားကြီးစပ်ဆိုတော်မူခဲ့သည့် "ပုဂ္ဂိုလ်ခြောက်မည်၊ ထုတ်ဆိုဆောက်တည်၊ နှုတ်ချိုလျှောက်မည်" အစချီစေ သံဝေဂပိုဒ်စုံရတုကို "ခြောက်မည်ပုဂ္ဂိုလ်၊ ဆောက်တည်ထုတ်ဆို၊ လျှောက်မည်နှုတ်ချို" အစချီသော ပိုဒ်စုံရတု ရေးသေးသည်။

**ကျူးဝန်ဘုမ္မဇေယျ(၁၀၆၀ ခန့်- ၁၁၂၅ ခန့်)**

အလောင်းမင်းတရားကြီးလက်ထက်တွင် မဟာသီရိဥတ္တမ ဇေယျသင်္ကြန်ဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ပါဠိဘာသာဖြင့် မနုရသေ့စီရင်ခဲ့သော မနုကျမ်းဆယ်စောင်တွဲကို လူတိုင်းနားလည်အောင် ၁၈ ပိုင်းပိုင်း၍ မြန်မာစကားပြေသက်သက်ဖြင့် အကျယ်ဖွင့်ထားသော "မနုကျယ်ဓမ္မသတ်ကျမ်းကြီး"ကို ပြုစုခဲ့သည်။

**ရွှေတောင်သီဟသူ(၁၀၇၀ ခန့် - ၁၁၃၀ ခန့်)**

အလောင်းမင်းတရားကြီးလက်ထက် အဂ္ဂမဟာသေနာပတိဖြစ်သော မင်းတိုင်ပင်ပညာရှိကြီး အမတ်မဟာနေမျိုးသီဟသူ၏ တောင်းပန်တိုက်တွန်းချက်အရ "ရတနာကြေးမုံ" ဝတ္ထုကို ဖွဲ့နွဲ့ရေးသားခဲ့သည်။

**လက်ဝဲသုန္ဒရ (၁၁၆၀ ခန့်)**

ရွှေဘိုမြို့တောင်ဘက် မန်ကျည်းတုံရွာတွင် သက္ကရာဇ် ၁၀၈၅ ခုနှစ်၌ ဖွားမြင်သည်။ ငယ်မည်မှာ ဦးမြတ်စံဖြစ်သည်။ အဖမှာ မန်ကျည်းတုံရွာကို ကြီးကဲရသော "မြင်းစီးရိုး"ဖြစ်၏။

မင်းမှုထမ်းနိုင်သောအရွယ်သို့ ရောက်သည့်အခါ ရတနာပူရအဝမြို့တော်ကြီးသို့သွား၍ ဟံသာဝတီရောက်မင်းတရားကြီးထံတွင် လွှတ်ရုံးစာရေးစာချီအဖြစ် အမှုထမ်းခဲ့၏။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အဝပြည်ကြီးပျက်စီးသောအခါ ရွှေဘိုသို့ကူးပြောင်း၍ အလောင်းမင်းတရားကြီးထံ အမှုထမ်းရွက်ရာ "လက်ဝဲသုန္ဒရဘွဲ့"ကိုရခဲ့သည်။ အလောင်းမင်းတရားကြီး ရာဇသံစာရေးတော်မူရန်ရှိတိုင်း လက်ဝဲသုန္ဒရရေးရသည်။ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းနှင့်ဆိုင်သည်တို့ကိုလည်း ဖြေကြားလျှောက်တင်ရလေ့ရှိသည်။ အလောင်းမင်းတရားကြီးစစ်ချီရာတွင် တပ်ရေးအဖြစ် လိုက်ပါထမ်းရွက်ရသည်။

**❖ ရွှေဘိုနယ်တစ်ဝိုက်သည် စိုက်ပျိုးရေးအခြေခံရာ ဒေသဖြစ်သဖြင့် လယ်ထွန်ရင်း၊ ပျိုးနုတ်ရင်း၊ ကောက်စိုက်ရင်း တေးသီချင်းကလေးများ သီဆိုလေ့ရှိကြသည်။ အချို့တေးများမှာ တစ်ရပ်မှတစ်ရပ်၊ တစ်ဦးမှ တစ်ဦး အဆင့်ဆင့်ကူးပြောင်းရောက်ရှိလာသောတေးများဖြစ်ပြီး အချို့တေးများမှာမူ လယ်ယာအလုပ်သမလေးများ၏ဘဝထဲမှ မွေးဖွားလာသော ခံစားချက်တေးများဖြစ်ပေသည်။ ကောက်စိုက်တေးကို ဘောက်သူကြီး ဦးဆောင်သော အတိုင်အဖွဲ့က တစ်အုပ်စုနှင့် ကျန်ကောက်စိုက်သမများ၏အဖက်အဖွဲ့က တစ်အုပ်စုထားကာ သီဆိုလေ့ရှိကြသည်။ ❖**

ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် အမျက်တော်ရှ၍ မဲဇာသို့ပို့ခြင်းခံရသောအခါ "မဲဇာတောင်ခြေ" အစချီ ရတုပိုဒ်စုံနှင့် "ဝေရွှန်းစန္ဒာ"အစချီ ရတုပိုဒ်စုံနှစ်ရပ်ကို ရေးသားဆက်သွယ်လေမှ ရွှေဘိုမြို့သို့ ပြန်လည် ခေါ်တော်မူ၏။ စဉ့်ကူးမင်း၊ ဘိုးတော်ဦးဝိုင်းလက်ထက်၌ ဆက်လက်အမှုထမ်းရာ ဘိုးတော်ဦးဝိုင်းလက်ထက်တွင် လက်ဝဲနန္ဒာမိတ်ဘွဲ့နှင့် လက်ဝဲဘန်နီဘွဲ့ ချီးမြှင့်ခံရ၏။ နောက်ဆုံး မဟာသီဟသူရဘွဲ့ရ၏။ အလောင်းဘုရားနှင့် ရှေ့တန်းစစ်မျက်နှာ ယိုးဒယား၌ ဓားကိုင်တိုက်ပွဲဝင်သည့် သူရဲကောင်းဖြစ်၏။

**ကောက်စိုက်တေးသီချင်းများ**

ရွှေဘိုနယ်တစ်ဝိုက်သည် စိုက်ပျိုးရေးအခြေခံရာ ဒေသဖြစ်သဖြင့် လယ်ထွန်ရင်း၊ ပျိုးနုတ်ရင်း ကောက်စိုက်ရင်း၊ တေးသီချင်းကလေးများ သီဆိုလေ့ရှိကြသည်။ အချို့တေးများမှာ တစ်ရပ်မှတစ်ရပ်၊ တစ်ဦးမှတစ်ဦး အဆင့်ဆင့်ကူးပြောင်းရောက်ရှိလာသော တေးများဖြစ်ပြီး အချို့တေးများမှာမူ လယ်ယာအလုပ်သမလေးများ၏ ဘဝထဲမှ မွေးဖွားလာသော ခံစားချက်တေးများဖြစ်ပေသည်။

ကောက်စိုက်တေးကို ဘောက်သူကြီးဦးဆောင်သော အတိုင်အဖွဲ့က တစ်အုပ်စုနှင့်ကျန်ကောက်စိုက်သမများ၏ အဖက်အဖွဲ့က တစ်အုပ်စုထားကာ သီဆိုလေ့ရှိကြသည်။ ဘောက်သူကြီးဆိုသည်မှာ ကောက်စိုက်အုပ်စုကို ခေါင်းဆောင်သည့်အသက်အရွယ်ဝါရင့်ကောက်စိုက်သမကြီးဖြစ်သည်။

သက္ကရာဇ် ၁၁၁၅ ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက် ကြာသပတေးနေ့ နံနက် သုံးချက်တီးအချိန်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အမိန့်အရ သတ္တဌာနခုနစ်ဌာနဖြစ်သော မြို့တော်၊ နန်းတည်တော်၊ ကျုံးတော်၊ မဟာနန္ဒာကန်တော်၊ ရွှေချက်သို (ရွှေချက်ကျစေတီ)၊ နတ်ကွန်း၊ ပဟိုရ်စင်တို့ကိုတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ရွှေပန္နက်ရိုက်ခဲ့၏။ (ခရစ်နှစ် ၁၇၅၃ ခုနှစ် ဇွန် ၂၁ရက်)

ယခုမြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်အရောက် ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်တွင် နှစ် ၂၇၀ ပြည့်လေပြီတည်း။ (မှတ်ချက်) အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မြို့တည်၊ နန်းတည်နှစ် ၂၇၀ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရားဝင်းအတွင်း၌ ဘုန်းတော်ကြီး ၂၇ ပါးကို ဆွမ်းကပ်ပူဇော်ခြင်း၊ အလောင်းမင်းတရားအတ္ထုပတ္တိ ဟောပြောခြင်း ကျင်းပခဲ့၏။ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖအဖွဲ့များက ဝိုင်းဝန်းကြသည်။ ထိုနှစ် ၂၇၀ ပြည့်ပွဲတော်ကို ရွှေဘိုမြို့နယ် စာရေးဆရာအသင်းက ဦးဆောင်၍ စာရေးဆရာအသင်းက နာယကဦးနန္ဒောဘာသ(စာရေးဆရာမင်းနန္ဒ)၊ နာယကစာရေးဆရာ ရွှေဘိုဘာမထီခင်အောင်၊ ဥက္ကဋ္ဌ စာရေးဆရာ အောင်ဘုန်းညို (ရွှေဘို)၊ စာရေးဆရာ ရွှေဇောသက် (ရွှေဘို)၊ စာရေးဆရာ မြတ်သာထွန်း(ရွှေစံပြ)တို့ ဦးစီးခဲ့၏။

**ကိုးကား**

– **ရွှေဘိုနိဒါန်း**

**ရွှေဘိုဘာမထီခင်အောင်**

## ကျောက်မဲမြို့နယ် ကျောက်မဲကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျေးရွာပြည်သူ ထည့်ဝင်ငွေဖြင့် ကျောက်မဲကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းနှင့် တာဝန်ရှိများက ကျောက်မဲကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်မဲကြီးကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း မွေးမြူရေးကြက်ပိဿာချိန် ၁၄၀၀၀၀ ထိ တင်ပို့ခဲ့ရ

**ဘိုကလေး အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ပို့ခဲ့သည့် စက်တင်ဘာလအတွင်း မွေးမြူရေးကြက်ပိဿာချိန် ၁၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက မွေးမြူရေးကြက်ပိဿာချိန် ၈၂၀၀၀ သာ တင်ပို့နိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မွေးမြူရေးကြက်ပိဿာချိန် ၁၄၀၀၀၀ ထိ တင်ပို့ခဲ့ရကြောင်း၊ ထိုသို့ တင်ပို့ရာတွင် မွေးမြူရေးကြက်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၂၀၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း မွေးမြူရေးကြက် ပိဿာချိန် ၁၄၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ စက်တင်ဘာလထဲမှာ ဩဂုတ်လကထက် ရောင်းအားပိုကောင်းခဲ့ပါတယ်။ ဘိုကလေးမြို့နယ်ဘက်မှာ မွေးမြူရေးကြက်ကို အများဆုံးမွေးမြူတာတွေ့ရပါတယ်။ မွေးမြူတဲ့သူတွေက ဒေသပွဲရုံတွေမှာပဲ အရောင်းများတယ်။ ကျွန်မတို့လို ရောင်းဝယ်ရေးလုပ်ငန်းရှင်တွေက ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်"ဟု ဘိုကလေးမြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ယခင်က ကြက်ပေါက်တစ်ကောင်လျှင်ငွေကျပ် ၅၀၀ မှ ၈၀၀ သာ ဈေးပေးဝယ်ယူခဲ့ရပြီး လက်ရှိတွင် ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၂၀၀ မှ ၁၄၀၀ ထိ ဈေးပေးဝယ်ယူရကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဗဟန်းမြို့နယ် KZL Art Studio & Gallery တွင် ပန်းချီဆရာ ကိုးဦး၏ ပန်းချီကားများ ပြသမည်



**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာကိုးဦး၏ ပန်းချီကားများကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းပိုင်ရှင် ပန်းချီ ခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီကားများ ပြသပွဲတွင် ပန်းချီ ဇေယျာအေး၊ ပန်းချီ မိုးညို၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ ကောင်းကောင်း၊ ပန်းချီ တင်အောင်၊ ပန်းချီ နေဆန်း (မန္တလေး)၊ ပန်းချီ မောင်မောင်စန်း၊ ပန်းချီ အောင်စည်သူ၊ ပန်းချီ ကောင်းဝေယံဟိန်းတို့၏ ဆီဆေးသီးသန့်ပန်းချီကား ၅၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်မှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာတွေရဲ့ ဆီဆေးသီးသန့်ပန်းချီကားတွေကို အွန်လိုင်းကပါ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ ပြပွဲအနေနဲ့မဟုတ်ဘဲ ပန်းချီကားတွေကို သီးသန့်စုစည်းပြီး အွန်လိုင်းကနေ အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၁၀ ရက်လောက်ထိ ပြသရောင်းချပေးမှာဖြစ်ပါတယ်။ Online Show ပုံစံဖြစ်ပေမဲ့ အဲဒီပြပွဲကာလမှာလဲ ပြခန်းကို လာရောက်ပြီးတော့ ကြည့်ရှုဝယ်ယူနိုင်ပါတယ်"ဟု ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊(၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် ၂၃ သိန်းထိ ရှိကြောင်း သိရသည်။ ASH

# ကျော်ဇော်မော်ဇော် ဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၃၀**

Hey Play ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးသည့် ကျော်ဇော်မော်ဇော် ရုပ်ရှင်ဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၄ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြ၍ သိရသည်။

ကျော်ဇော်မော်ဇော် ရုပ်ရှင်ဇာတ်လမ်းတွဲသည် စွမ်းပိုင်၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒါရိုက်တာ ပြည်ဟိန်းသီဟက ပုံဖော်ရိုက်ကူးထားသည့် ဟာသဒရာမာအမျိုးအစား ရုပ်ရှင်ဇာတ်လမ်းတွဲဖြစ်ပြီး Hey Play ရုပ်ရှင်ထုတ်လုပ်ရေး၏ မူပိုင်ရုပ်ရှင်စီးရီးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

"အဆောင်နေတဲ့သူတွေရဲ့ နေ့စဉ်ကြုံတွေ့ရတဲ့ လူအမျိုးမျိုး၊ စရိုက်အထွေထွေကို သိရမဲ့အပြင် အဆောင်နေတဲ့သူနဲ့ အဆောင်အုပ်ချုပ်သူကြား ကတောက်ကဆလေးတွေကို ဟာသလေးတွေ ရောနှောပြီး ထိထိမိမိရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အဆောင်မှာနေပြီး ဘဝကိုရုန်းကန်အရောင်းအဝယ် လုပ်စားနေတဲ့ သူငယ်ချင်းနှစ်ယောက်၊ တစ်ယောက်က ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောတဲ့ ကျော်ကြီး၊ နောက်တစ်ယောက်က မပိုင်ရင် ခြင်မရိုက်တဲ့ ဇော်ကြီး၊ နောက်ဆုံးမှာတော့ ပြိုင်ဘက်တွေဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဘယ်ပုံ ကျော်ခွကြမလဲဆိုတာကို ဟာသလေးတွေနဲ့ ရှုစားကြရပါမယ်"ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြသည်။




အဆိုပါ ရုပ်ရှင်ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မြင့်မြတ်၊ လွှမ်းပိုင်၊ ဂျိုကာ၊ သံသာမိုးသိမ့်၊ ထွန်းပုလဲရတနာနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ရောသမမွှေ ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၃ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ဆောင်းညပြာသို ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရောသမမွှေ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ အဆိုတော် သားစိုးက ပြောပြ၍ သိရသည်။




ရောသမမွှေ ရုပ်ရှင်ဇာတ်ကားကို ဆောင်းညပြာသို ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ထုတ်လုပ်မှုတာဝန်ခံအဖြစ် အဆိုတော် သားစိုးက ထုတ်လုပ်ထားကြောင်း၊ အဆိုပါဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို သားစိုးက ရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရှက်ဦး) က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်လောက်က ရိုက်ထားတဲ့ဇာတ်ကားပါ။ ဟိုးရှေးရှေးတုန်းက ပုဂံပြည်မှာ ငကျောက်ပျဉ်၊ ငအင်တုံ၊ ငသံတုတ်ဆိုတဲ့ မင်းမှုထမ်းသုံးယောက်နဲ့ အလွန်လှပတဲ့ ကလန်ကြီး (ထန်းတောပိုင်ရှင်) ရဲ့သမီး အိုပါးစံတို့ မှော်အစွမ်းရှိတဲ့ မှော်ဥကြီးတစ်ဥကို ကိုင်ဆောင်ကာ ဘယ်လိုမှော်ဂါထာမျိုးကို ရွတ်ဆိုလိုက်လို့ ပုဂံခေတ်ကနေ လက်ရှိ IT ခေတ်ကို ရောက်ရှိလာပြီး ဘယ်လိုတွေ ကမောက်ကမဖြစ်ကြပြီးတော့ ရောသမမွှေထားလဲဆိုတာကို ကြည့်ရှုရမဲ့ ဟာသရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်"ဟု အဆိုတော် သားစိုးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွှမ်းပိုင်၊ ရဲရင့်အောင်၊ ဖွေးဖွေး၊ သားစိုး၊ ရဲလေး၊ မိုးမိုး၊ ခင်လှိုင်၊ ဂျိုကာ၊ Project-K၊ ဖြူဖြူထွေး၊ ကိုဘင်း၊ ကျော်ထက်၊ နော်ချိုမာ စသည့်အနုပညာရှင်များ ပါဝင်သည့် အချစ်ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ASH

# Highlander ဇာတ်ကား ပြန်လည်ဆန်းသစ်ရိုက်ကူးရေး စီစဉ်နေ

**နယူးယောက် အောက်တိုဘာ ၃၀**

Highlander ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးရေးအတွက် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Highlander ဇာတ်ကားသည် မူရင်း Highlander(1986) ဇာတ်ကား၏ နောက်ဆက်တွဲမဟုတ်ဘဲ အပြည့်အဝပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Highlander ဇာတ်ကားကို Johnwick ဒါရိုက်တာ ချက်စတာဟဲစကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို John Wick:Chapter-4 ဇာတ်ညွှန်းရေးဆရာ မိုက်ဖင့်က ရေးသားပေးထားသည်။

မင်းသား ဟင်နရီကာဗေး အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့် အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ်အတွင်း စတင်မည်ဖြစ်ပြီး လက်ရှိတွင် Highlander ဇာတ်ကားရုံတင်မည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# Sicario(2015) မှ မူလဇာတ်ကောင်များ Sicario -3 ဇာတ်ကားတွင် ပါဝင်လာဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၃၀**

Sicario(2015) ဇာတ်ကားမှ မူလဇာတ်ကောင်များ Sicario-3 ဇာတ်ကားတွင် ပါဝင်လာဖွယ်ရှိကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Sicario-3 ဇာတ်ကားတွင် မူလ Sicario(2015) မှ ဇာတ်ကောင်သုံးဦးစလုံး ပြန်လည်ပါဝင်လာရန် ထုတ်လုပ်သူများနှင့် ထရန့်လပ်အင်ဟီတို့က ကြိုးပမ်းလျက်ရှိသည်။

Sicario (2015) ဇာတ်ကားတွင် မင်းသမီး အမ်မီလီဘလန့်၊ မင်းသား ဘင်နီစီယိုဒယ်တိုရိုနှင့် ဂျို့ဟိုးမင်းတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။

မိမိတို့အနေဖြင့် Sicario -3 တွင် မူလဇာတ်ကားမှ အထက်ပါ သရုပ်ဆောင်သုံးဦးစလုံး ပြန်လည်ပါဝင်လာရန် မျှော်လင့်ထားကြောင်း ထုတ်လုပ်သူများက ကြေညာထားပြီး လက်ရှိတွင် Sicario- 3 ဇာတ်ကား ရိုက်ကူးမည့်ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Sicario (2015) ဇာတ်ကားကို ဒါရိုက်တာ ဒင်းနစ်ဗီလီနျော့တို့က ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Kalaw Township opens resort and viewpoint at Manawhla Hill



Photo shows part of the newly opened resort on the Manawhla hill.

**Kalaw October 30**

Aphaychan resort and nursery was commissioned into service at the foot of Manawhla Hill in Kalaw Township in southern Shan State on 28 October. The resort can allow visitors to take a relaxation and take photos on scenic beauties, said founder of the resort U Aung Hlaing Htoo.

The resort is located on 30 acres of forest land, where more than 1000 species of flowery plants and coffee plantation are placed in addition to a restaurant.

Entrance fee will be charged K1,000 per visitor. Visitors can take photos with the flowery plants in the background and they can enjoy hilly scenes as well as taste at the restaurant, he explained.

"Manawhla hill is an eminent in Kalaw Township. Many farms at the foot of the hill admit visitors to take photos. Significantly, no other one strawberry plantation is located in Kalaw but new resort is decorated with a strawberry plantation, taking an advantage more than others. The resort arranges taking photos on Ozi Hill and Manawhla Hill as scenis beauties," he added.

Currently, some 20 recreation parks have been arranged at the foot of Manawhla Hill for visitors to take photos at sunrise and sunset.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Agriculture produce export occupies more than 20 per cent of total export volume of the country

**Nay Pyi Taw October 30**

The Ministry of Agriculture, Livestock and Irrigation on 17 October stated that export volume of agriculture produce of Myanmar occupies more than 20 per cent of the total export value.

Local farmers primarily cultivate many species of crops such as paddy, maize, groundnut, sunflower, pulses and beans, cotton and sugarcane, paddy of which is the largest volume among other crops, followed by pulses and beans and other crops.

Hence, Myanmar has 154.33 per cent of rice sufficiency, 126.2 per cent of oil sufficiency and 512 per cent of pulses and beans. Surplus crops are being exported to foreign customer countries as agricultural produce group.

Of them, agricultural produce export volume occupies 28.8 per cent of the total export volume of the country, taking the position of most reliable one in Myanmar.

During the period from April to September this year, export of Myanmar products bagged US$7,584.171 million, and agricultural produce pocketed US$1,570. 213 milion.

At present, preparations are being made to not decline the yield of agricultural produce in 2024 due to outbreak of El Nino impacts.



Watermelons for export.

El Nino impacts will bring overheat, rapid dryness of lakes and decline of the water level underground, shortage of agricultural water and drinking processes. As such, preparations must be made for improving the dams, diversion weirs, lakes and sluice gates for irrigating saltwater in cultivation of the summer paddy.

Moreover, the government will cooperate with businesspersons, relevant departments and local farmers to implement projects to ease impacts of El Nino till mid-2024 similar to other countries.

336

# Bogale Township sends 11,000 coconuts to Yangon in September

**Bogale October 30**

A total of 110,000 coconuts were distributed to brokerages in Yangon from Bogale Township in Ayeyawady Region in September, said Daw Khaing Khaing Win, owner of coconut trading in Bogale.

The township could send 73,000 coconuts to Yangon in August, compared with 110,000 in September. In the market, traders sell K57,000 per 100 coconuts.

"Bogale Township distributes agricultural produce to Yangon. Last month, more than 100,000 pieces of coconut was sent to Yangon due to high demand of Yangon's merchants. The price of coconut is reasonable for local farmers. Bogale Township sends three sizes of coconut to Yangon market," said Daw Khaing Khaing Win of Bogale's coconut trading.

Various products of coconut such as dried coconut, fresh coconut, tender coconut, coconut without shell and the coconut with shell are being traded with merchants from Yangon and Bogale. Consequently, local coconut farm workers can earn increased incomes from high prices and demand of coconut in the market.

Kyaw Kyaw Lin



A large stockpile of coconuts.

# Sea crab fetches K33,000 per viss in Maubin Township

**Maubin October 30**

Sea crab gets K33,000 per viss in Maubin Township of Ayeyawady Region, said Daw Thuza Myint, owner of marine product trading in Maubin.

Sea crab price reached K27,000 per viss in the township in September, but it rose to K33,000 per viss. Such kind of crab is sent to Yangon as usual.

"We send marine products including sea crab to Yangon brokerages. This month, sea crab price is hiking. It fetches K33,000 per viss, exceeding some K6,000 more than last month. At present, price of sea crab is high due to demand from merchants in Yangon. So, local fishermen can earn increased income," she explained.

Sea soft crab is distributed to brokerages in Yangon from Maubin Township. Then, it is exported to Thailand and Singapore.

Kyaw Kyaw Lin

# Investment amounting to US$220.296 million, more than K5 billion flow into Magway Region


A private industry in Magway Region.

**Magway October 30**

The Magway Region Investment Committee stated that foreign investment worth US$220.296 million and K5,914.78 million of foreigners and Myanmar citizens have flowed into Magway Region from April to October of 2023-24 financial year.

The region approved two new citizen and foreigner investments from April to September 2023, creating jobs for 281 local people and 52 foreigners. Investments of these two businesses amounted to US$220.296 million and K5,914.78 million.

During the period, Magway Region Investment Committee allowed one Myanmar citizen investment worth K5,914.78 million including US$1.379 million to generate jobs for 74 local people.

The Myanmar Investment Commission allowed a foreign investment worth US$218.89 million for Magway Region during the period. Such investment can generate jobs for 52 foreigners and 207 local people.

Magway Region Investment Committee occasionally inspects invested businesses in Magway Region whether are being operated under the Myanmar Investment Law.

ASH

# China's Blue Circle initiative wins UN highest environment award

**Nairobi October 30**

The United Nations Environment Program (UNEP) on Monday honored China's Blue Circle environmental initiative with the 2023 Champions of the Earth award -- the UN's most prestigious environmental recognition -- for its innovative marine plastic treatment technology.

This year, five recipients from a pool of 2,500 nominations, were honored. Among them was the Council for Scientific and Industrial Research in South Africa, whose efforts have contributed to the global fight against plastic pollution, according to a statement released by the Nairobi-based agency.

Honored in the Entrepreneurial Vision category, the Blue Circle initiative uses blockchain technology and the Internet of Things to comprehensively monitor the entire lifecycle of plastic pollution, encompassing collection, regeneration, remanufacturing and re-sale.

To date, it has successfully gathered over 10,700 tonnes of marine debris, making it China's largest marine plastic waste program.

This results from collaboration involving more than 6,000 individuals and over 200 enterprises from China's eastern province of Zhejiang.

Calling plastic pollution "deeply concerning," Inger Andersen, executive director of the UNEP, said that to solve the issue, a complete change is urgently needed.

Xinhua

# Proper flow of water at outlets to Yangon River managed for prevention of floods

**Yangon October 30**

The Yangon City Development Committee on 19 October stated that it has been arranging proper flow of water in drains leading to the outlets to Yangon River so as to prevent floods in Yangon city.

Officials from YCDC inspect water courses along Yangon River and Ngamoeyeik Creek for ensuring proper flow of water not to cause flooding in the city.

Moreover, weeds in the water course were cleaned up at Ngamoeyeik Dam near Sitpintaung Village of Dagon Myothit (East) Township. The dam is installed 27 8x16 feet valves, and the embankment is of reinforced concrete.

Ngamoeyeik Creek originated from Minlwingon Village of Phaunggyi in Hlegu Township, streaming along Hlegu, Mingaladon, Dagon Myothit (East), North Okkalapa, South Okkalapa, Thingangyun, Thakeyta, Pazundaung and Dawbon townships into Bago River.


Weeds being cleared in a creek.

The main canal of the dam is 2,300 feet long irrigating more than 10,000 acres of farmlands. Moreover, water from Lagunbyin Dam is drained out to Ngamoeyeik creek via Khayein and Shantegyi creeks and then into the Ngamoeyeik Dam for treating the water at Lagunbyin water treatment plant.

Officials of YCDC inspected Ngamoeyeik Dam and its related facilities for coordinating necessary things in order to prevent flooding in the city.

336

# Bangladesh enters new era of transportation with Chinese-built 1st underwater tunnel

**Chattogram October 30**

A Chinese-built underwater tunnel, the first in Bangladesh and South Asia, was inaugurated on Saturday as Bangladeshi Prime Minister Sheikh Hasina paid the first toll and went through the tunnel.

Hasina and Chinese Ambassador Yao Wen also attended the inauguration ceremony of the Bangabandhu Sheikh Mujibur Rahman Tunnel.

The much-awaited tunnel, some 242 km southeast of the capital Dhaka, was built with joint funding from the governments of Bangladesh and China, and was constructed by China Communications Construction Company Ltd.

Yu Jingtao, the project manager, told Xinhua that the tunnel was constructed with Chinese design, technology and standards. According to the actual situation and characteristics of Bangladesh, the Chinese team also compiled a technical guide for the project, which applied Chinese norms, to accelerate Bangladeshi development in this field.

"It's great opportunity for the two sides of people, and for trade and tourism," said local resident Anand Barua, adding that China is Bangladesh's long-time friend.

Xinhua



This photo taken on Oct. 29, 2023 shows the main entrance of the Bangabandhu Sheikh Mujibur Rahman Tunnel in Chattogram, Bangladesh.

# SSB issues K13.6 million compensation to insured workers in Aungmyethazan Township

**Mandalay October 30**

This financial year, more than K13.6 million of compensation has been issued to insured workers in Aungmyethazan Township of Mandalay Region, according to the Social Security Board.

Staff Officer Daw Moe Moe Thwe of the Aungmyethazan Social Security Office said that the township office has recorded 979 cases of insured workers to enjoy the rights of social security guarantees, most of who demanded illness and maternity cases. Among them, the office has issued more than K13.6 million to the insured workers.

"Our office collected fees for insured workers to enjoy rights and compensations in illness, maternity, injuries in workplaces and death. If they demand their rights to get designated per cent within one month, we prepare to issue the compensation. Within the period of medical leave, we fill the needs of salaries to reach original pay for the insured workers. In fact, our office gives a helping hand to insured workers for their rights," she added.

The Social Security Board is ready to provide compensation for insured workers in illness, maternity, funeral cost, medical charge, travel allowance and injuries in workplaces.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဩစတြေးလျနိုင်ငံက ယူကရိန်းအတွက် တန်ပြန်ဒရုန်းစနစ်များကို ပေးအပ်သွားမည်



ဩစတြေးလျနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၁ သန်း တန်ဖိုးရှိ စစ်ရေးအကူအညီအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းအတွက် တန်ပြန်ဒရုန်းစနစ်များ ပေးပို့မည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေးပို့မည့် တန်ပြန်ဒရုန်းစနစ်များသည် Drone Shield ကုမ္ပဏီထုတ် တန်ပြန်ဒရုန်းစနစ်များဖြစ်ပြီး အရေအတွက်နှင့် ဖွဲ့စည်းမှုပုံစံများကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ဩစတြေးလျနိုင်ငံ New South Wales အခြေစိုက်ကုမ္ပဏီသည် လက်ကိုင် Drone Gun နှင့် ယာဉ်ပေါ်တွင် တပ်ဆင်ထားသော Drone Sentry-X ကဲ့သို့သော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များစွာကို ထုတ်လုပ်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Electro Optic Systems ကလည်း ရုရှားနိုင်ငံ Kamikaze ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် ယူကရိန်းသို့ Slinger လေကြောင်းရန်ကာကွယ်ရေးစနစ် ၁၀ စုံပေးပို့သွားမည်ဟု ကြေညာလိုက်ချိန်တွင် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အကူအညီပေးရေး ပက်ကေ့ချ်တွင် Minelab ကုမ္ပဏီထုတ် မိုင်းရှင်းလင်းရေး စက်ပစ္စည်းကိရိယာများ၊ Micro-X ကုမ္ပဏီထုတ် ခရီးဆောင်ဓာတ်မှန်ရိုက်စက်များနှင့် SPEE3D ကုမ္ပဏီထုတ် 3D သတ္တုပရင်တာတို့ ပါဝင်လာသည်။

SPEE3D ကုမ္ပဏီသည် အစောပိုင်းက Warp SPEE3D အမျိုးအစား သတ္တုပရင်တာ ခုနစ်လုံးကို ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ယူကရိန်းလုံခြုံရေးအကူအညီ ဆောင်ရွက်မှုမှတစ်ဆင့် ယူကရိန်းသို့ ပေးပို့ခဲ့သည်။ ၎င်းတို့သည် မော်တော်ယာဉ်များနှင့်သေနတ်များကဲ့သို့သော စစ်ဘက်ဆိုင်ရာ ကိရိယာများအတွက် အရေးကြီးသော ပြုပြင်ရေးအစိတ်အပိုင်းများကို လျင်မြန်စွာထုတ်လုပ်နိုင်ရန် ကူညီပေးနိုင်သည်။

ဩစတြေးလျ၏ ယူကရိန်းသို့ အကူအညီပေးမှု တန်ဖိုးစုစုပေါင်းသည် ယခုနောက်ဆုံး ယူကရိန်းနိုင်ငံသို့ အကူအညီပေးရေး အစီအစဉ်အပါအဝင် အမေရိကန်ဒေါ်လာ ၅၇၅ သန်းခန့်ထိ တန်ဖိုးရှိပြီဖြစ်ပြီး Bushmaster မိုင်းဒဏ်ခံယာဉ်များ၊ အကြီးစားအမြောက်များ၊ အရေးကြီးသော ခဲယမ်းမီးကျောက်များနှင့် လူသားချင်း စာနာထောက်ထားမှုရန်ပုံငွေအတွက် ပံ့ပိုးမှုများပါဝင်သည်။

ယူကရိန်းသို့ ရောက်ရှိလာသော လူသားချင်းစာနာမှုနှင့် စစ်ရေးအကူအညီများကို ကာကွယ်ပေးရန်အတွက် တော်ဝင်ဩစတြေးလျလေတပ်က ကြိုတင်သတိပေးရေးလေယာဉ်တစ်စင်းကိုလည်း ဂျာမနီတွင် ရောက်ရှိခဲ့ပြီးဖြစ်သည်။

ရုရှား၏ အထူးစစ်ဆင်ရေးကို ခုခံကာကွယ်ရန် ယူကရိန်းကိုပံ့ပိုးရာတွင် ဩစတြေးလျသည် ခိုင်မာစွာရပ်တည်ပေးနေသည်။ ဤပံ့ပိုးကူညီမှုတွင် ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နေစဉ် ကမ္ဘာ့အကောင်းဆုံးစွမ်းဆောင်နိုင်သော တန်ပြန်ဒရုန်းစနစ်အချို့ကို ယူကရိန်းထံ ပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် Anthony Albanese က ပြောကြားခဲ့သည်။

**Australia Announces Counter Drone Systems for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က ဒရုန်းအစင်းရေ ၅၀ ပါ ဒရုန်းအုပ်ဖြင့် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးနည်းလမ်းများ သရုပ်ပြပွဲပြုလုပ်သွားမည်

အမေရိကန်ကြည်းတပ်သည် ဒရုန်းအစင်းရေ ၅၀ ပါ ဒရုန်းအုပ်ဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသောတန်ပြန်ဒရုန်း တိုက်ခိုက်ရေးနည်းလမ်းများ သရုပ်ပြပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကြေညာချက်သည် အမေရိကန် ကြည်းတပ်၏ အသေးစား ဒရုန်းစနစ်များကို တန်ပြန်တိုက်ဖျက်ရေးပူးတွဲရုံး (JCO)က ထုတ်ပြန်ခဲ့ခြင်းအပေါ် Breaking Defense သတင်းဌာနက အစီရင်ခံရေးသားထားခြင်းလည်းဖြစ်သည်။

အစီရင်ခံစာအရ ဆန်းပြားသောဒရုန်းများ၊ ဒရုန်းများကိုတန်ပြန်တိုက်ဖျက်ခြင်းသည် အဓိကကျသောဆွေးနွေးမှုများထဲမှ တစ်ခုဖြစ်ပြီး အမေရိကန်ကြည်းတပ်အသင်း၏ နှစ်ပတ်လည်ညီလာခံတွင် ဒရုန်းပျံသန်းမှု အကြိုသရုပ်ပြပွဲကို ကြည့်ရှု၍ အကဲဖြတ်ဆန်းစစ်နိုင်ခဲ့ကြောင်း သိရသည်။

New Mexico ပြည်နယ်ရှိ White Sands ဒုံးကျည်စမ်းသပ်ရေးကွင်းတွင် ပြုလုပ်မည့် အဆိုပါတန်ပြန်ဒရုန်းစနစ်များဆိုင်ရာ စမ်းသပ်သရုပ်ပြသမှုအတွင်း စက်မှုလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ပျံသန်းလာသော ဒရုန်းအစင်း ၅၀ ပါဒရုန်းအုပ်အတွက် အမျိုးမျိုးသောဖြေရှင်းနည်းများကို ထည့်သွင်းပြသပေးသွားမည်ဖြစ်သည်။

"စက်မှုလုပ်ငန်းရှင်တွေဆီမှာ ဒီလိုမျိုးစနစ်ရှိရင် ကျွန်တော်တို့ဆီလာခဲ့ပါ။ ကျွန်တော်တို့မှာ ရင်းနှီးမြှုပ်နှံဖို့ အဆင်သင့်ဖြစ်မဲ့ ပိုက်ဆံတွေရှိတယ်"ဟု JCO ဒါရိုက်တာဗိုလ်ချုပ်ကြီး Sean Gainey က တန်ပြန်ဒရုန်းတိုက်ခိုက်ရေး နည်းလမ်းများဖော်ဆောင်ရာတွင် လိုအပ်သောစနစ်များအတွက် စက်မှုလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြောကြားခဲ့သည်။

အဆိုပါ စမ်းသပ်သရုပ်ပြမှုကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ပြုလုပ်သွားနိုင်ရန် အမေရိကန်ကြည်းတပ်က မျှော်လင့်ထားသည်။

JCO ဝယ်ယူရေးဌာနခွဲ အကြီးအကဲဗိုလ်မှူးကြီး Michael Parent က တန်ပြန်ဒရုန်းစနစ် ဖြေရှင်းချက်နည်းလမ်းများကို ဒရုန်း အမျိုးအစားအပေါ် အခြေခံ၍ အုပ်စုငါးခု ခွဲခြားသတ်မှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုဒရုန်းအုပ်စု ငါးစုအနက် ဒုတိယ၊ တတိယ၊ စတုတ္ထအုပ်စုများကို ဖော်ပြထားခြင်းမရှိပေ။ ပထမအုပ်စုသည် Quadcopters နှင့် နာနိုဒရုန်းများကဲ့သို့ အလွန်သေးငယ်သော ဒရုန်းများအတွက်ဖြစ်ပြီး ပဉ္စမအုပ်စုသည် MQ-9 Reaper ကဲ့သို့ ကြီးမားသော ဒရုန်းစနစ်များအတွက်ဖြစ်သည်။ အမျိုးအစား ငါးမျိုးစလုံးအတွက် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးနည်းလမ်းများသည် ခေတ်မီစစ်ပွဲများတွင် အရေးကြီးသော်လည်း ယခုလောလောဆယ်တွင် ပထမအုပ်စုသုံးစုကိုသာ အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ ရန်သူ့ဒရုန်းများကို ပျက်ပြယ်စေရန်အတွက် လိုအပ်သော အီလက်ထရွန်နစ်စစ်ပွဲ (EW) ဆင်နွှဲလာနိုင်မှု ပတ်ဝန်းကျင်အခြေအနေများအတွက် ပြင်ဆင်ထားရန် သရုပ်ပြပွဲဝင် ပါဝင်ပြသရောင်းချကြမည့် စက်မှုလုပ်ငန်းရှင်များကို အမေရိကန်ကြည်းတပ်က ပြောကြားသည်။

သရုပ်ပြစမ်းသပ်မှုသည် ရန်သူများအနေဖြင့် မိမိတို့လေကြောင်းရန်ကာကွယ်ရေးစနစ်များပေါ် လွှမ်းမိုးအနိုင်ယူရန် မည်သို့ကြိုးစားကြမည်ကို ပြသမည်ဖြစ်ပြီး သေးငယ်သောဒရုန်းများကို တန်ပြန်နိုင်စွမ်းကိုပါ ကျော်ဖြတ်ဝင်ရောက်ရန် ကြိုးစားမည့်ပုံစံမျိုးပြသလိမ့်မည်ဟု Parent က ရှင်းပြခဲ့သည်။



တန်ပြန်ဒရုန်း တိုက်ခိုက်ရေးနည်းလမ်းအချို့ကို သရုပ်ပြသရန် အမေရိကန်ကြည်းတပ် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သော်လည်း ထိုသို့လုပ်ဆောင်မှုများသည် ထုတ်လုပ်အသုံးပြုနိုင်ရေးသဘောတူညီချက်ထိ ပါဝင်လိမ့်မည်ဟု မဆိုလိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

BAE Systems ကုမ္ပဏီသည် ဘက်စုံသုံး သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်ထားသော တန်ပြန်ဒရုန်းဖြေရှင်းချက်ဖြင့် ပါဝင်နိုင်သည်။ အဆိုပါတန်ပြန်ဒရုန်းစနစ်သည် ပထမဒရုန်း အမျိုးအစားပေါ် ထိရောက်စွာတုံ့ပြန်ဖျက်ဆီးနိုင်စွမ်းပိုင်ဆိုင်ထားပြီး ရေပန်းစားလူကြိုက်များနေသည့် ၃၀ မီလီမီတာအမြောက်များကို ပေါင်းစပ်အသုံးပြုထားသည်ဟု BAE Systems ကုမ္ပဏီက ပြောကြားခဲ့သည်။

Dedrone ကုမ္ပဏီသည် ဝင်ရောက်လာသော ဒရုန်းခြိမ်းခြောက်မှုများကိုရှာဖွေရန် ရေဒီယိုကြိမ်နှုန်း အာရုံခံကိရိယာများပါရှိသော ခေတ်မီဆန်းသစ်သည့် တန်ပြန်ဒရုန်း ဖြေရှင်းချက်ကိုလည်းပါဝင်ပြသရန် မျှော်မှန်းထားကြောင်း သိရသည်။

**US Army to Demo Potential Solutions Against Swarm of 50 Drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၂၉၇၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် ပဲမျိုးစုံဧက ၂၂၉၇၄၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၂၀၇၃၀၀ စိုက်ပျိုးပြီးစီးပါပြီ။ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေကိုသုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ဒေသထွက်မြေဩဇာ အချိုးကျသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအခြေနေဖြင့် ပဲတီစိမ်း ၈၈၇၁၅ ဧက၊ ထောပတ်ပဲဧက ၇၈၀၊ စွန်တာပြာ ၂၁၄၂ ဧက၊ ပဲစင်းငုံဧက ၁၁၅၆၆၀၊ အခြားပဲ သုံးဧက စုစုပေါင်းဧက ၂၀၇၃၀၀ ဖြစ်ကြောင်း၊ သီးနှံအလိုက်လျာထားမှုအခြေနေဖြင့် ပဲတီစိမ်းဧက ၉၀၅၉၀၊ ပဲစင်းငုံ ၁၃၆၁၃၅ ဧက၊ စွန်တာပြာ ၂၂၂၂ ဧက၊ ထောပတ်ပဲဧက ၇၉၀၊ အခြားပဲ သုံးဧက စုစုပေါင်းဧက ၂၂၉၇၄၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေလွယ်ကူစွာရရှိစေရန် ရည်ရွယ်၍ တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများအဖွဲ့က တောင်ဘိုရွာသစ်ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း မှာကြားခဲ့သည်။



အဆိုပါ တောင်ဘိုရွာသစ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၃၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် စေတုတ္တရာချင်းတိုင်းရင်းသားများဖွံ့ဖြိုးရေးကုမ္ပဏီက ဇွန် ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းရီ**

# ပဲခူးမြို့နယ် သမန်းကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန်းကုန်းကျေးရွာ၌ MCP-Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများလျော့ချနိုင်စေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် MCP-Bank နှင့် ပူးပေါင်းပြီး Mobile Financial Payment စနစ်ဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူဦးရေ ၂၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် (၇၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမိသားစုတို့၏ (၇၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၏ မဟာဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရအမှူးပြုပြီး ဆရာတော်၊ သံဃာတော်အပါး ၃၃၀ ကြွရောက်ချီးမြှင့်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ မြို့တော်စည်ပင်ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရထံမှ ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရထံတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြကာ ပါမောက္ခချုပ်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဆိုး ပါတီဝင်အင်အားများ စိစစ်ခြင်း၊ နိုင်ငံရေးပါတီများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံရေး ပါတီဝင်အင်အားစိစစ်ခြင်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် တာချီလိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဆိုးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ လေး ပါတီနှင့် ရှမ်းပြည်နယ်အတွင်း စည်းရုံးမည့်ပါတီ နှစ် ပါတီ၊ စုစုပေါင်း ခြောက် ပါတီကို သတ်မှတ်ရက်ကာလပြည့်ပြီးဖြစ်သဖြင့် မြေပြင်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ပါတီဝင်များစိစစ်ရာတွင် သက်ဆိုင်ရာပါတီများရှိ ပါတီဝင်လျှောက်လွှာ၊ အသိအမှတ်ပြုကတ်ပြား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည့် ပါတီဝင်အင်အားစာရင်း နောက်ဆက်တွဲ(ဇ)ပူးတွဲများနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများကို အင်အားတောင့်တင်းသောပါတီဝင်များ ဖြစ်လာစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများက ပူးပေါင်းအစစ်အဆေးခံရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုထားပြီးသော နိုင်ငံရေးပါတီများကို ပါတီတစ်ခုချင်းအလိုက်ပါတီဝင်အင်အားကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ၎င်းပါတီတာဝန်ခံတို့ တိုက်ဆိုင်စိစစ်စစ်ဆေးပြီးသော အခြေအနေများကို တင်ပြသည်။ ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဆက်လက်တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသော နိုင်ငံရေးပါတီ ခြောက် ပါတီ၏ တာဝန်ခံများက ပါတီအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တာချီလိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီများ၏ ပါတီဝင်အင်အား စိစစ်မှုကို ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

"အရည်အသွေးပြည့်..... သွားကျန်းမာရေး ပြည်သူထံသို့ ဆောင်ကြဉ်းပေး"

Quality Dental Care for Community

၃ ရက် - ၄ ရက် ၊ နိုဝင်ဘာလ

MICC II, နေပြည်တော်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ယနေ့မှ နိုဝင်ဘာ ၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အောက်တိုဘာ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၈၈၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၁-၁၀-၂၀၂၃ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လူပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |

☆ **ကျောဖုံးမှအဆက်**

ဝင်ရောက်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတတ်နိုင်ဆုံး ကြံ့ကြံ့ခံခုခံသော်လည်း ရာသီဥတုအခြေအနေနှင့် နယ်မြေအခြေအနေအရ မြို့၏တောင်ဘက်အစွန်နေရာသို့ ခေတ္တဆုတ်ခွာ ခံစစ်ဆင်နွှဲခဲ့ရသည်။

ဆက်လက်၍ အကြမ်းဖက်သမားများက မြို့ကိုထိန်းချုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝိုင်းဝန်းပိတ်ဆို့လျက် သီးမြစ်ချောင်းကူးတံတားအထိ တဖြည်းဖြည်းခြိမ်းခြောက်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဩဂုတ်လမှစတင်ကာ ပထမအဆင့်အနေဖြင့် ဟားခါးမြို့မှ လေးမိုင်ခန့်ကွာဝေးသည့် သီးမြစ်ချောင်းကူးတံတားအထိ ကနဦးခြေကုပ်ရယူ တိုက်ခိုက်သိမ်းပိုက်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် သီးမြစ်ချောင်းကူးတံတားမှတစ်ဆင့် ထန်တလန်မြို့အဝင်နေရာထိလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ထန်တလန်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးရုံးနှင့် CB Bank နေရာအထိလည်းကောင်း၊ စတုတ္ထနှင့် နောက်ဆုံးအဆင့်အဖြစ် ထန်တလန်မြို့ ဆေးရုံကုန်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့သို့လည်းကောင်း အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်ခဲ့ရပြီး အကြမ်းဖက်သမားများ သိမ်းယူထားသည့် ထန်တလန်မြို့ လူနေအိမ်များနှင့်

**စာမျက်နှာ ၂၁ သို့**









**အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ထန်တလန်မြို့ မီးလောင်ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။**

ထန်တလန်မြို့ Google ပုံအား တွေ့မြင်ရပုံ







**အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ထန်တလန်မြို့ ပျက်စီးနေမှုအခြေအနေများ မှတ်တမ်းဓာတ်ပုံ။**





CNF နှင့် CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆောက်လုပ်ရေးရုံးအတွင်း ဘန်ကာများပြုလုပ်၍ ခိုက်ပါဖြင့်ပစ်ခတ်သည့်နေရာနှင့် ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။





CNFနှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့တွင်းရှိ ဘာသာရေးအဆောက်အအုံဖြစ်သော TBC ဘုရားကျောင်းအတွင်း ဘန်ကာနှင့် ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။






CNF နှင့် CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့တွင်းရှိ ဘာသာရေးအဆောက်အအုံဖြစ်သော TBC ဘုရားကျောင်းအတွင်း ဘန်ကာနှင့် ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNF နှင့် CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ ရဲစခန်းအဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ဘန်ကာများပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNFနှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ဆောင်အတွင်း ကျူးကျော်ဝင်ရောက်ကာ အခိုင်အမာစခန်းပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNFနှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆေးရုံဝင်ရောက်ဖျက်ဆီး၍ ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNFနှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆေးရုံကို ဝင်ရောက်ဖျက်ဆီး၍ ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNFနှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆေးရုံအတွင်း အဆောက်အအုံများဖျက်ဆီးကာ လက်နက်ငယ်ပစ်ကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။



CNF နှင့် CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံနံရံများကိုဖျက်ဆီး၍ သေနတ်ပစ်ပေါက်နှင့်မြေခွေးကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အဆောက်အအုံများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အဆင့်ဆင့်ခြေကုပ်ရယူ၍ စနစ်တကျတိုက်ခိုက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး ရက်ပေါင်း ၉၀ ခန့်အကြာ အောက်တိုဘာ ၂၉ ရက် သီတင်းကျွတ်လပြည့်နေ့တွင် ထန်တလန်မြို့ တစ်မြို့လုံးကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဌာနဆိုင်ရာအဆောက်အအုံများတွင် အုတ်များစီ၍ ဘန်ကာသဖွယ်ပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများကို အပြင်းအထန်ပြန်လည်ပစ်ခတ်ခြင်း၊ နှီးစပ်ရာဦးဆောင်လှုပ်ရှားနေသည့် **စာမျက်နှာ ၂၂ သို့**

CNF နှင့်CDF အမည်ခံ အကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံနံရံများကိုဖျက်ဆီး၍ သေနတ်ပစ်ပေါက်နှင့်မြေခွေးကျင်းများပြုလုပ်ထားမှုကို တွေ့ရစဉ်။









သီတာကျေးရွာရှိတံတားကို သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကို တွေ့ရစဉ်။




တပ်မတော်သားများက သီတာကျေးရွာရှိတံတားအား ပြင်ဆင်ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။




တပ်မတော်သားများက သီတာကျေးရွာရှိတံတားအား ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

CNF၊ CDF အဖွဲ့များက ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သည့်အပြင် ဒေသခံပြည်သူများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)နှင့်အညီ တိကျစွာလိုက်နာပြီး အရပ်သားပြည်သူများ၊ မြို့တွင်းရှိ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စနစ်တကျဆောင်ရွက်ခဲ့ရသည်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် အောက်တိုဘာ ၂၉ ရက် သီတင်းကျွတ်လပြည့်နေ့တွင် အကြမ်းဖက်သမားများသည် ထန်တလန်မြို့အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

CNF၊ CDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံ ၁၈ လက်နှင့် ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်း အများအပြားသိမ်းဆည်းရမိခဲ့သည်။

CNF၊ CDF အမည်ခံ အကြမ်းဖက်သမားများသည် ထန်တလန်မြို့အတွင်းရှိ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် စီးပွားရေးလုပ်ငန်းရုံများအပါအဝင် အခိုင်အမာ လူနေအိမ်များ၏ပရဝဏ်အတွင်း အုတ်စီဘန်ကာများ အခိုင်အမာတည်ဆောက်လျက် အဆင့်ဆင့်ခုခံခြင်း၊ စာသင်ခန်းများအတွင်းရှိ စာရေးခုံများကိုအသုံးပြု၍ အုတ်များစီကာ ဘန်ကာသဖွယ် အခိုင်အမာစခန်းတည်ဆောက်ထားခြင်းအပြင် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌လည်း ဘန်ကာများပြုလုပ်၍ ခုခံခဲ့သည့်အနေအထားတို့ကို တွေ့ရှိရသည်။


သိမ်းဆည်းရမိ မှတ်တမ်းဓာတ်ပုံ။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထန်တလန်မြို့အတွင်း နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းပျက်စီးမှုများကိုပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများ စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ထန်တလန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာက စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်၍ KIA ၊ MNDAA ၊ TNLA ပူးပေါင်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် အရှေ့မြောက်ဒေသရှိ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ ကြူကုတ်၊ မုံးကိုး၊ ဖောင်းဆိုင်ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် လောက်ကိုင် စသည့်နယ်စပ်ဒေသများသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်နှောင့်ယှက်ပစ်ခတ်ခြင်းနှင့် အေးချမ်းစွာ စီးပွားရှာလျက် မိမိတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်း၊ နယ်စပ်ဒေသကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေး စသည့် နိုင်ငံတော်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်ထိ အပြန်အလှန်ထိတွေ့တိုက်ခိုက်မှုများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

# TNLA အကြမ်းဖက်သမားများက နမ့်ခမ်းမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သာယာကုန်းရပ်ကွက်မှ အသက် ၁၂ နှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ် နှစ်ဦး သေဆုံးကာ အသက် လေးနှစ်အရွယ် ကလေးငယ် တစ်ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အတွင်းသို့ TNLA အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ကလေးငယ် နှစ်ဦးသေဆုံးကာ တစ်ဦးပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် နံနက် ၅ နာရီခန့်တွင် TNLA အကြမ်းဖက်သမားများက နမ့်ခမ်းမြို့အတွင်းသို့ မြို့၏တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် နမ့်ခမ်းမြို့ သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက် ၁၂ နှစ်နှင့်ကိုးနှစ်အရွယ် အပြစ်မဲ့ကလေးငယ် နှစ်ဦး သေဆုံးခဲ့ကာ အသက်လေးနှစ် အရွယ်ကလေးငယ် တစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ရာရရှိသည့် ကလေးငယ်ကို နမ့်ခမ်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဝေးလ်ပြည်နယ်တွင် ပလတ်စတစ်ညစ်ညမ်းမှုကာကွယ်ရန် တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုကို တားမြစ်



**လန်ဒန် အောက်တိုဘာ ၃၀**

အင်္ဂလန်နိုင်ငံ ဝေးလ်ပြည်နယ်တွင် ပလတ်စတစ်ညစ်ညမ်းမှုကာကွယ်ရန် တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုကို ယနေ့မှစတင်၍ တားမြစ်ထားကြောင်း သိရသည်။

ပလတ်စတစ်ဖြင့်ပြုလုပ်သည့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းကို တားမြစ်ခြင်းဖြင့် ပတ်ဝန်းကျင်တွင် ပလတ်စတစ်သုံးစွဲမှုနှင့် ညစ်ညမ်းမှုကို လျှော့ချနိုင်လိမ့်မည်ဟု ဝေးလ်ပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ယနေ့မှစတင်၍ ဝေးလ်ပြည်နယ်အနှံ့အပြားတွင် တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် သုံးစွဲမှုများကို တားမြစ်ထားကြောင်း သိရသည်။

"မလိုအပ်ဘဲ တစ်ခါသုံးပလတ်စတစ်တွေကို အသုံးပြုတာတွေ၊ ရောင်းချတာတွေကို ပိတ်ပင်ထားတယ်။ ဒါက ပလတ်စတစ်သုံးစွဲမှုလိုအပ်ချက်ကို ပထမအဆင့်အနေနဲ့ဖယ်ရှားဆောင်ရွက်တာပါ" ဟု ပြည်နယ်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး ဂျူလီဂျိမ်းစ်က ပြောကြားသည်။

တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုကို အမြစ်ပြတ်တားမြစ်ရန်အတွက် ယခုအခါ တစ်ခါသုံးပလတ်စတစ်ခွက်များသုံးစွဲမှုကို စတင်တားမြစ်ခြင်းဖြစ်ပြီး နောက်တစ်ဆင့်တွင် ပလတ်စတစ် သယ်ဆောင်အိတ်များ၊ ခွက်နှင့်အစားအသောက်ထည့်သယ်သောပစ္စည်းများနှင့် အခြားပလတ်စတစ် ထုတ်ကုန်များကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဂျူလီဂျိမ်းစ်က ဆက်လက်ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**

## အင်ဒိုနီးရှားနိုင်ငံတွင် ကားလမ်းမမြေပြိုမှုကြောင့် လူသုံးဦး ပျောက်ဆုံးလျက်ရှိ

**ဂျကာတာ အောက်တိုဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၂၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမမြေပြိုမှုဖြစ်ပွားခဲ့ရာ လူသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီက အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်ထားသည်ဟု သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် ပီနန်ဂါလန်ခရိုင်အတွင်း ဆပ်ဘူလူစလမ်မြို့အနီးရှိ ဆူမားတြား-အာချေး အဝေးပြေးလမ်းမပေါ်တွင် အောက်တိုဘာ ၂၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်း၍ ကားလမ်းမြေပြိုမှုဖြစ်ပွားခဲ့ရာ ကနဦးတွင် လူငါးဦး ပျောက်ဆုံးခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်ဦးကို ကယ်တင်နိုင်ခဲ့ပြီး သုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

"ဒီပျောက်ဆုံးသူတွေကို ရှာဖွေဖို့ ဆပ်ဘူလူစလမ်မြို့ ဒေသန္တရ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီရဲ့ ညှိနှိုင်းဆောင်ရွက်မှုအောက်မှာဆက်လက်လုပ်ဆောင်နေပါတယ်"ဟု အဆိုပါအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ကတ်အန်နီတာက ပြောကြားခဲ့သည်။

ပျောက်ဆုံးနေသူများမှာ အရပ်သားနှစ်ဦးနှင့် ပီနန်ဂါလန်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီက ပြောကြားထားသည်။

အဆိုပါ မြေပြိုသောလမ်းပေါ်တွင် အောက်တိုဘာ ၂၉ ရက်က ကားများသွားလာနိုင်ရန် လမ်းမပေါ်ရှိ အပျက်အစီးများရှင်းလင်းထားသော်လည်း ယာဉ်မောင်းများအနေဖြင့် သတိထားသွားလာကြရန်၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီး၊ မြေပြိုခြင်းများဖြစ်ပွားနိုင်သဖြင့် ဒေသခံများသတိပြုနေထိုင်ကြရန် ဆပ်ဘူလူစလမ်မြို့ဒေသန္တရ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီက တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

## ကွင်းစလန်းပြည်နယ်တောမီး Australia Zoo အနီးသို့ ကူးစက်လောင်ကျွမ်းနေ

**ကင်ဘာရာ အောက်တိုဘာ ၃၀**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဆန်းရှိုင်းကမ်းခြေတွင် တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေပြီး Australia Zoo (တိရစ္ဆာန်ဥယျာဉ်)အနီးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကွင်းစလန်းမီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးသည် Australia Zoo (တိရစ္ဆာန်ဥယျာဉ်)အနီးသို့ ကူးစက်လောင်ကျွမ်းခဲ့ပါက မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တိရစ္ဆာန်ဥယျာဉ်အတွင်း တောမီးသွားရောက်ငြိမ်းသတ်ရန် ခက်ခဲဖွယ်ရှိနေသည့်အတွက် တိရစ္ဆာန်ဥယျာဉ်သို့တောမီးမကူးစက်စေရေး ဦးစားပေးငြိမ်းသတ်နေကြောင်း ကွင်းစလန်းမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ဆန်းရှိုင်း ကမ်းခြေဒေသမှာ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ မီးသတ်တပ်ဖွဲ့ဝင်တွေ ကြိုးစားပေးနေပါတယ်။ လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ Australia Zoo (တိရစ္ဆာန်ဥယျာဉ်) အနီးကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားရင် ငြိမ်းသတ်ဖို့ခက်ခဲသွားနိုင်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားချက်လက်ခံရရှိထားတဲ့ ဒေသခံတွေအနေနဲ့လဲ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းပေးကြပါ။ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ အိမ်ရှေ့ထိလာပြီး ဘေးလွတ်ရာရွှေ့ပြောင်းဖို့ အသိပေးနိုင်မှာ မဟုတ်ပါဘူး"ဟု ကွင်းစလန်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



Australia Zoo (တိရစ္ဆာန်ဥယျာဉ်)သည် ၂၈၅ ဧကထိ ကျယ်ဝန်းပြီး အန္တရာယ်ပြုနိုင်သည့် တောရိုင်းတိရစ္ဆာန်များရှိနေသဖြင့် ဥယျာဉ်အတွင်း တောမီးကူးစက်ပါက တောမီးကို ငြိမ်းသတ်နိုင်ရန်မှာ မီးသတ်တပ်ဖွဲ့ဝင်များအတွက် အသက်အန္တရာယ်ရှိနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကွင်းစလန်းအာဏာပိုင်အဖွဲ့အစည်းက လေကြောင်းအကူအညီရယူထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## ယောက်ရှိုင်းယားကောင်တီတွင် ရေဘေးအန္တရာယ်သတိပေးချက် ၁၄ နေရာထိ ထုတ်ပြန်ထား

**လန်ဒန် အောက်တိုဘာ ၃၀**

အင်္ဂလန်နိုင်ငံ ယောက်ရှိုင်းယားကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး နေရာ ၁၄ နေရာ ထိ ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း အင်္ဂလန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ယောက်ရှိုင်းယားကောင်တီဒေသခံများအနေဖြင့် သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နိုင်ရန်အတွက် အဆင်သင့်ပြင်ဆင်ထားရန်လည်း သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ယောက်ရှိုင်းယားကောင်တီတွင် စီအာရန်ဟုအမည်ပေးထားသည့် မုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေသည့်အတွက် ယောက်ရှိုင်းယားကောင်တီ အပါအဝင် အင်္ဂလန်နိုင်ငံ တောင်ဘက်ပိုင်းနှင့် ဝေလနိုင်ငံ တောင်ဘက်ပိုင်းတို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး မုန်တိုင်းနှင့်အတူ လေတိုက်နှုန်းလည်း ပြင်းထန်ဖွယ်ရှိနေကြောင်း ဗြိတိန်မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

"ယောက်ရှိုင်းယားကောင်တီမှာ နေရာ ၁၄ နေရာထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ နေရာ ၁၄ နေရာအနက် ခြောက်နေရာမှာတော့ ရေဘေးအန္တရာယ်စတင်နေပြီဖြစ်ပါတယ်။ မုန်တိုင်းလဲ ဝင်ရောက်လာဖွယ်ရှိနေကြောင်း သတိပေးချက် ထုတ်ပြန်ထားတဲ့အတွက် မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်ဖို့အတွက်လဲ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီရဲ့ ထုတ်ပြန်ချက်အရ ယောက်ရှိုင်းယားကောင်တီမှာ မကြုံဖူးသေးတဲ့ ရေဘေးအန္တရာယ်မျိုးနဲ့ ရင်ဆိုင်ရဖွယ်ရှိနေသလို အဆိုးဆုံးရေဘေးအန္တရာယ်ကို ရင်ဆိုင်ဖို့အတွက်လဲ ဒေသခံတွေအနေနဲ့ ပြင်ဆင်ထားဖို့လိုအပ်ပါတယ်"ဟု ယောက်ရှိုင်းယားကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယောက်ရှိုင်းယားကောင်တီတွင် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ရဖွယ်ရှိနေသည့် နေရာ ၁၄ နေရာရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး အဆိုပါနေရာ ၁၄ နေရာအနက် ခြောက်နေရာတွင် ရေဘေးအန္တရာယ် စတင်နေပြီဖြစ်ကြောင်း၊ စီအာရန်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားနိုင်သကဲ့သို့ ဒေသခံများ အန္တရာယ်ကင်းစေရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း ယောက်ရှိုင်းယားကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## အမေရိကန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် အမဲသားဈေးနှုန်းများ မြင့်တက်နိုင်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အပါအဝင် ပြည်နယ်တချို့၌ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် အမဲသားဈေးနှုန်းများမြင့်တက်နိုင်ဖွယ်ရှိကြောင်း နယူးယောက်မှ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ သုတေသီများအဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့်ပြဿနာကြောင့် စားကျက်ရှားပါးလာသည့်အတွက် အသားတိုးနွားမွေးမြူရေးလုပ်ငန်းများတွင် အစာဈေးနှုန်းများမြင့်တက်လာပြီး အသားထုတ်လုပ်မှုမှာ ကုန်ကျစရိတ်မြင့်တက်လာကြောင်း၊ အစာဈေးနှုန်းမြင့်တက်လာသည့်အတွက် အသားဈေးနှုန်းများ မြင့်တက်လာပြီး ပြီးခဲ့သော သုံးနှစ်ကထက် အမဲသားဈေးနှုန်းမှာ ၂၇ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း နယူးယောက် သုတေသီများက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်တဲ့ပြဿနာကြောင့် စားကျက်တွေ ရှားပါးလာပြီး အစာဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် အသားဈေးနှုန်းတွေ အဆမတန်မြင့်တက်လာတယ်။ အထူးသဖြင့် အမဲသားထုတ်လုပ်မှုပိုင်းမှာ ကုန်ကျစရိတ် မြင့်လာတဲ့အတွက် အမဲသားဈေးနှုန်းတွေ မြင့်တက်လာတယ်။ လွန်ခဲ့တဲ့သုံးနှစ်က ဈေးနှုန်းထက် ၂၇ ရာခိုင်နှုန်းထိ မြင့်တက်နေပါတယ်"ဟု နယူးယောက် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ သုတေသီများအဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


"ကျွန်တော့်အသက် ၆၉ နှစ်ရှိနေပါပြီ။ ကျန်းမာရေးအရ ဆရာဝန်က ပရိုတင်းဓာတ်တွေ များများစားသောက်ဖို့ ညွှန်ကြားထားတယ်။ ဒါပေမဲ့ လက်ရှိ Grand Central Market အတွင်းမှာ အသားဈေးနှုန်းတွေ အဆမတန်မြင့်တက်လာတဲ့အတွက် အသားဝယ်ဖို့ခက်ခဲလာတယ်။ အသားဈေးနှုန်းမြင့်တက်လာတဲ့အတွက် အရင်လို အသားကောင်းတွေ ဝယ်ယူနိုင်ဖို့ခက်ခဲနေပြီး အရိုးအသားရောတာတွေကိုပဲ ဝယ်ယူစားသောက်နိုင်တဲ့ အခြေအနေဖြစ်နေတယ်"ဟု နယူးယောက်ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

0w Hv H @

# ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း

ချစ်မင်း(မြစ်သား)



(၁)

စပါးခင်းများ၏ ကန်သင်းရိုးဘေးမှ တရွေ့ရွေ့နှင့် လျှောက်လှမ်းခဲ့သည်။ စပါးပင်များသည် တစ်လသား အရွယ်ရှိမည်ထင်သည်။ ဘယ်ဘက်မှ လေဝှေ့တိုက်လာလျှင် ညာဘက်သို့ယိမ်းသွားသည်။ ညာဘက်မှ ဝှေ့လာလျှင်လည်း ဘယ်ဘက်သို့ အလိုက်သင့်လေးယိမ်းသွားသည့် စပါးပင်ပျိုကလေးများသည် ကပြဖျော်ဖြေနေသည့်နှယ် ဟန်ချက်ညီ၏။ ထိုစိမ်းစိုစို စပါးခင်းများကို ဖြတ်ကျော်တိုက်ခတ်လာသော လတ်ဆတ်သန့်ရှင်းသည့်လေနုအေးအေးကို ဖြည်းဖြည်းချင်း ရှူရှိုက်မိသည်။ ထိုလေကိုပင် ဟူးခနဲပြန်မှုတ်ထုတ်လိုက်သောအခါ ရင်တွင်းမှအပူငွေ့များပါသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းပေါ့ပါးသွားသည်ဟု ကိုမောင်မြင့် ခံစားရသည်။ စိတ်လက်ကြည်လင်ပေါ့ပါးသွားတော့ သူ့မျက်နှာသည်လည်း ရွှင်ပျနေလေ၏။

"ဖေဖေ ကျောင်းဆင်းရင် သမီးကို လာကြို ပေးအုံးနော်"

ကိုယ်ကိုလှုပ်ယမ်းပြီး ခေါင်းလေးမော့ကာပြောသည့် သမီးလေးရွှေစင်၏ နုနုထွတ်ထွတ်မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်လိုက်သည်။ တစ်ဆက်တည်းတွင်ပင် ပြုံးပြလိုက်ပြီး "လာကြိုမှာပေါ့သမီးလေးရယ်" ဟူ၍ ကိုမောင်မြင့် ပြန်ဖြေသည်။ သမီးလေးရွှေစင်သည် ယခုနှစ်မှ ကျောင်းစတက်နေရခြင်းဖြစ်သည်။ ကျောင်းစနေရတော့မည်ဟု သိထားပြီးဖြစ်သည့် သမီးလေးသည် ကျေနပ်ပျော်ရွှင်နေပုံရကာ မျက်နှာတွင်လည်း အပြုံးပန်းများက တစ်ပွင့်ပြီးတစ်ပွင့်။

(၂)

"ဟေး. . . ငါးလေးတွေ၊ ငါးလေးတွေအများကြီးပဲ။ ဖေဖေ သမီးတို့ ခဏလောက်ထိုင်ကြည့်ရအောင်နော်"

ကျောင်းမှ အိမ်သို့အပြန် ဝါးတံတားလေးကို ဖြတ်လျှောက်နေစဉ် သမီးလေး ရွှေစင်က ဝမ်းသာအားရ အသံဖြင့် ပြောလာခြင်းဖြစ်သည်။ သမီးလေးကို ကိုမောင်မြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ပြီးနောက် ဝါးတံတားလေးပေါ် ထိုင်ချလိုက်သည်။ ခြေထောက်များကိုလည်း စီးဆင်းနေသည့်ရေထဲတွင် တွဲလောင်းချထားသေးသည်။ ထိုဝါးတံတားလေးက ယိုင်တိုင်တိုင်၊ နဲ့တဲ့တဲ့ပင်။ လက်ကိုင်ဝါးလုံးတန်းသည် ဆွေးပြီး ညွတ်ကျနေသည်။ ဝါးကြမ်းခင်းများက တကျွိကျွိအသံများ မြည်နေသည်။ ထိုတံတားလေး အောက်တွင် အစုအဖွဲ့လိုက် ဟိုဟိုသည်သည်၊ တောင်မှမြောက်၊ မြောက်မှတောင် ကူးလူးနေကြသော ငါးများ။ ထိုငါးများထဲတွင်မှ ခန္ဓာကိုယ်ကို လိမ်ဖည်၊ လိမ်ဖည်နှင့် တွန့်သွားလိုက်၊ အမြီးလေးကို ဖျတ်ခနဲ လှုပ်ယမ်းသွားလိုက်နှင့် အစာရှာနေကြသည့် ငါးကြီးများကိုကြည့်ရသည်မှာ အသည်းယားစရာကောင်းလှသည်။ အရွယ်ခပ်ငယ်ငယ်ငါးများ၏ ကူးခပ်ပုံကတော့ ငါးကြီးများလောက် မလှပ။ သူတို့တွင် အတောင်အလက်မစုံလင်။ ထို့ကြောင့် အလှသွေးလည်း မကြွယ်သေးပေ။

"ငါးသေးသေးလေးတွေက ဘာငါးတွေလဲဖေဖေ"

ကိုမောင်မြင့် သမီးလေး၏ခေါင်းကိုပွတ်လိုက်ကာ-

"ငါးခုံးမလို့ခေါ်တယ် သမီးရဲ့"ဟု ဖြေလေသည်။

"ဩော်. . . သမီးတို့ချက်စားနေတဲ့ ငါးပေါ့နော်။ ဟိုး ငါးအကြီးကြီးတွေကကော ဖေဖေ"

"ငါးရံ့လို့ခေါ်တယ်လေသမီးရဲ့"

"အမေကြော်ပေးတဲ့ငါးလား ဖေဖေ။ အဲဒီငါးတွေ ကျတော့ ခဏခဏမစားရဘူးနော်။ မစားရတာလဲ ကောင်းပါတယ်။ အခုလို ငါးတွေကို ကြည့်နေရတာ သမီးပျော်တယ်"

"ဟုတ်ပါပြီတဲ့ဗျာ"

ပြောသာ ပြောလိုက်ရသည်။ ကိုမောင်မြင့်၏အသံ လှိုင်းတိုလေးက မသိမသာ တုန်ခါသွားသေးသည်။ သည်လိုနှင့် ဝါးတံတားလေးအောက်တွင် လူးလွန့်ကူးခပ်နေကြသော ငါးလေးများကို ကိုမောင်မြင့် တို့သားအဖနှစ်ယောက် အားပါးတရကြည့်ပြီး အိမ်သို့ ပြန်ခဲ့ကြသည်။ ထိုအချိန်တွင် သူရိန်နေမင်းကြီးက မိုးကုပ်စက်ဝိုင်းပေါ်၌ အမောဖြေနေကာ တစ်နေ့တာကို ကုန်ဆုံးရန် နီးလာပြီဖြစ်ကြောင်း လောကကြီးဆီသို့ အချက်ပြနေ၏။

"ရွာကို မြင်နေရပြီဖေဖေ"

သမီးလေးက လက်ညှိုးလေးထိုးကာ ပြောလာတော့ မျက်လုံးကို စပါးခင်းများအပေါ်မှ ရွှေ့လျားစေကာ ကိုမောင်မြင့် လှမ်းကြည့်မိသည်။ ဟုတ်သည်။ ရွာကို လှမ်းမြင်နေရပါပြီ။ ထိုသို့ကြည့်လိုက်စဉ် အပင်ကြီး၊ အပင်ငယ်တို့ဖြင့် ပန်းသင့်နေသည့် ရွာအပြင်စည်းရိုး၏အလှအပကိုလည်း သတိပြုမိလိုက်သည်။ အုန်းပင်တန်းများက ရွာအပြင်ဘက်တွင် စီရရီတန်း၍ နေသည်။ တဖြူးဖြူးနှင့်ဝှေ့တိုက်နေသည့် လေအရှိန်ကြောင့် ထိုအုန်းပင်တန်းတို့၏ အကိုင်းအခက်များသည်လည်း အသာအယာခါယမ်းနေကြသည်။ အုန်းပင်တန်းများရှေ့တွင် သရက်ပင်တန်းများက ထူထပ်စွာရှိနေကြပြန်သည်။ နောက် ခပ်ကျဲကျဲပေါက်နေသော မန်ကျည်းပင်။ ထိုကဲ့သို့သော စိမ်းစိုစိုအပင်များကိုကြည့်ရှုရ၍ထင်၏ ကိုမောင်မြင့်၏စိတ်အစဉ်ဝယ် အေးချမ်းနေလေသည်။ သို့သော် အချိန်ကြာကြာ တိတ်ဆိတ်ငြိမ်းအေးနေခြင်းမျိုးတော့မဟုတ်။ ရွာထဲသို့ရောက်တော့မည်ဖြစ်ကြောင်း အသိစိတ်က လှုပ်နှိုးလိုက်စဉ်မှာ အစစအရာရာချို့တဲ့အဆင်မပြေကြသည့် မိသားစုများ၏ဘဝကို မြင်ယောင်မိသည်။ ထိုကဲ့သို့ မြင်မိချိန်တွင် ဆိတ်ငြိမ်အေးချမ်းနေသည့်စိတ်က ကဆုန်ပေါက်ထွက်သွားလေသည်။ ထိုအစား ပူလောင်မှုများက တဒင်္ဂအချိန်တိုအတွင်းမဖိတ်ခေါ်ဘဲရောက်ရှိလာကြ၏။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်ဖြစ်ကြသည့် ရွာသူ၊ ရွာသားများ၏ စားဝတ်နေရေး အခက်အခဲ၊ အကျပ်အတည်းများကို စိုးရိမ်ပူပန်နေသည့်တိုင် ကိုမောင်မြင့်ကိုယ်တိုင်က အစစအရာရာ အဆင်ပြေနေခြင်းမရှိ။ ဘဝတူအချင်းချင်းစာနာသနားစိတ်ဝင်မိလိုက်ခြင်းသာ။ ထိုညစ်ညူးစရာအတွေးများ ဝင်လာတော့ ကိုမောင်မြင့်၏ မျက်နှာလေးသည်လည်း နေထိပန်းတစ်ပွင့်ကဲ့သို့ ညှိုးနွမ်းသွားတော့သည်။

(၃)

တကယ်တော့ ကိုမောင်မြင့်၏ဘဝအခြေအနေက-

"ငါးသည် ငါးကောင်းမစားရဆိုသလိုတော့ ဖြစ်နေပြီ။ စားရတာကလဲ ငါးခုံးမ၊ ငါးဖျင်း၊ ငါးနုပ်တွေပါ။ ဒါတောင်မှ နေ့တိုင်းစားရတာမဟုတ်"

"ဘယ်လိုဖြစ်နေတာလဲကိုမောင်မြင့်ရဲ့ တကတဲမှတော်။ ထမင်းစားနေတာ အသာမစားဘူး၊ ရှင် ရှော့ခ်တိုက်လို့ရလာတဲ့ငါး အကုန်ရောင်းတာတောင် မီးဖိုချောင်စရိတ်က လောက်တယ်မရှိဘူးတော်ရယ်။ အဆင်ပြေသလို ကြည့်စားရမှာပေါ့။ ကျုပ်တို့ပဲကွက်ပြီး အခက်အခဲဖြစ်နေတာမှမဟုတ်တာ"

ဇနီးဖြစ်သူ မသင်းအေး၏ ခွန်းတုံ့ပြန်သည့်စကားများကလည်း မှန်ကန်နေသဖြင့် ကိုမောင်မြင့် ငြိမ်နေလိုက်ရသည်။ ဟုတ်တော့လည်းဟုတ်သည်။ ယခင်ကဆိုလျှင် ညပိုင်းရှော့ခ်တိုက်၍ ရလာသောငါးများကို ရောင်းရသည့်ဝင်ငွေဖြင့် မီးဖိုချောင်စရိတ်ဖူလုံခဲ့သည်။ ယခုတော့ ဝင်ငွေ၊ ထွက်ငွေ မမျှတတာကြောင့် လူအများမှာ သိပ်အဆင်ပြေလှသည်ဟု မရှိကြ။ ညည်းတွားနေကြသည်။ ထိုအခြေအနေများမဖြစ်ပွားခင်က ကိုမောင်မြင့်နှင့် မသင်းအေးတို့မှာ ရွှေစင်ဟူသည့် သမီးရတနာလေးတစ်ဦး ထွန်းကားခဲ့သည်။ သို့တိုင်အောင် စားဝတ်နေရေးအခြေအနေသည် ယိုင်နဲ့မသွားခဲ့ ယခုတော့. . .။

"တောက်"

"ဘာဖြစ်ရပြန်တာလဲ ကိုမောင်မြင့်ရယ်။ ထမင်းစားရတာ စိတ်ပျက်တယ်တော်"

"ဘာကို စိတ်တိုလို့တိုရမှန်းမသိတော့လို့ဟ။ လုပ်သလောက်အရာမရောက်ဘူး။ အဆင်ပြေတယ်လို့ကို မရှိဘူး။ ငါတို့တင်သေရင်သေပါစေ ကိစ္စမရှိဘူး။ ငါ့သမီးလေးအတွက် စိတ်မကောင်းဖြစ်မိတာ။ သူ့ခမျာ ပြည့်ပြည့်စုံစုံမနေရဘူး"

"တော်ကလဲ စိတ်လျှော့ပါ။ လူတိုင်းဒီလိုပဲ ကျပ်တည်းနေတာပါပဲဆိုနေ။ ကိုယ်တစ်ယောက်တည်းဖြစ်နေတာမှမဟုတ်တာ။ နောက်ဆိုအဆင်ပြေသွားမှာပါတော့။ ဘဝဆိုတာ ပုံသေလို့ ဘယ်မှတ်နိုင်မလဲတော်"

မသင်းအေး မည်သို့ပင်ဖျောင်းဖျောင်းဖျဖျပြောနေစေကာမူ ကိုမောင်မြင့်မှာ ခေါင်းတယမ်းယမ်းနှင့်။

"မဟုတ်သေးဘူး၊ ဒီလိုသာရှေ့ဆက်နေလို့ကတော့ ဘယ်လိုမှအဆင်မပြေဘူး တစ်ခုခုကြံမှ။ ဘယ့်နှယ့်တို့ကျတော့ ငါးကြီးငါးကောင်းမစားရဘူး။ အကုန်ရောင်းလိုက်ရတယ်။ ဒါတောင် လက်ထဲမှာပိုက်ဆံက မကျန်တာက ခပ်များများ။ ကိုငွေခင့်ဆိုင်မှာလဲ အကြွေးစာရင်းက ထူနေပြီ"

ရှည်မျောစွာညည်းတွားပြီး ထမင်းဝိုင်းမှ ထသွားလေတော့သည်။

"ဖေဖေ၊ ဘဘငွေခင့် ဆိုင်ရောက်ရင် မုန့်ဝင်စားလို့ရမလား"

သမီးလေး ရွှေစင့် အသံကြားမှ အတွေးများတိခနဲပြတ်တောက်သွားပြီး-

"ရတာပေါ့သမီးရဲ့"ဟု ကိုမောင်မြင့်ဖြေလေသည်။ လက်ကလည်း ယောင်ယမ်းပြီး မပါသည့်အကျီအိတ်ကပ်ကို စမ်းမိ၏။

"ငါ့အကျီက အိတ်ကပ်မှမပါတာ။ ပါတော့ကော ပိုက်ဆံက ရှိမှာကျနေ၊ ငမွဲကများကြီးကြီးကျယ်ကျယ်" ဟု စိတ်ထဲတွင် သူ့ကိုယ်သူ ပျစ်ပျစ်နှစ်နှစ် နှိမ်ပြောပြောနေလေသည်။

(၄)

"ခင်ငွေ ကုန်စုံဆိုင်" အမည်က ငွေခင်။ ဆိုင်းဘုတ်ကျတော့"ခင်ငွေ"တဲ့။ ခွကျကျနိုင်လှပါလားဟု ထင်စရာ။

"ဒီနာမည်က ဗေဒင်ဆရာက ပေးထားတာကွ၊ နာမည်ပြောင်းပြန်လှန်ပေးရင် အရင်ကစီးပွားရေးနဲ့ မတူဘဲ ပြောင်းပြန်ဖြစ်လာပြီး ပိုကြီးပွားလာမှာတဲ့ကွ" ဟု ကိုငွေခင် ပြောတတ်သည်။ သူ့စကားနှင့်သူတော့ ဟုတ်သလိုလိုရှိနေသည်။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝနေလင့်ကစား ပိုရှိသည်ထက်ရှိချင်ကြသည်မှာ လူတို့၏ဓမ္မတာပင်မဟုတ်ပါလား။ ကိုငွေခင့် ကုန်စုံဆိုင်ကြီးသည် ကုန်စုံ၊ ကုန်ခြောက်များ အမျိုးအမည် စုံလင်လှသည်။ ဆေးဝါးတချို့လည်း ဆိုင်ပေါ်၌ တင်ထားသေးသည်။ တော်ရုံ ခေါင်းကိုက်၊ ဖျားနာလျှင် ကိုငွေခင့်ဆိုင်ကိုပင် အပြေးရောက်လာလေ့ရှိကြသည်။ တစ်ရွာလုံးအားကိုးနေရသည့် ကုန်စုံဆိုင်ဆိုလျှင်လည်း မမှားပေ။ သည်ထဲတွင် ကိုမောင်မြင့်တို့လို လက်လှုပ်မှပါးစပ်လှုပ်ရသည့် ဆင်းရဲသောမိသားစုများသည် ကိုငွေခင့်ဆိုင်တွင် အကြွေးယူလေ့ရှိသည်။ ကိုငွေခင်ကလည်း အကြွေးရောင်းသည်။ သို့သော် မည်သည့်ပစ္စည်း

စာမျက်နှာ ၂၅ သို့ ➤

# ပန်းတနော်မြို့နယ်တွင် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ထိဈေးကောင်းရရှိနေ



**ပန်းတနော် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့နယ်မှ ကွမ်း၊ ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်ဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလက ကွမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိသာဈေးရှိခဲ့ပြီး အောက်တိုဘာလအတွင်း ကွမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ထိဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ကွမ်းဈေးကောင်းရရှိနေခြင်းသည် ဒေသတွင် ကွမ်းရွက်အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုလထဲမှာ ကွမ်းဈေး အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက်ကွမ်းတွေ အထွက်နည်းနေလို့ ဈေးကောင်းရရှိတာပါ။ အခု ကွမ်းရွက် ၁၀ ပိဿာကို ငွေကျပ် ၇၀၀၀၀ ထိဈေးကောင်းလာပါတယ်။ ကွမ်းဈေးကောင်းလာတော့ စိုက်ပျိုးတဲ့သူတွေအဆင်ပြေလာတယ်။ လက်ရှိဈေးကောင်းနေပြီး အရောင်းအဝယ်လဲ ကောင်းနေတယ်။ အခုကွမ်းရွက်က ဒေသတွင်းမှာကို ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒေသထွက် ကွမ်းတွေက အရည်အသွေးကောင်းတော့ လူကြိုက်များတယ်၊ ရောင်းပန်းဝယ်ပန်းလှတယ်"ဟု ပန်းတနော်မြို့နယ်မှ ကွမ်း၊ ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်ဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းရွက်များကို ကုန်သည်များက ကွမ်းခြံများအရောက် သွားရောက်ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိ ကွမ်းပိဿာချိန် ၁၀၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## လူငယ်အလှ ပြကြစို့

\- လူငယ်တွေ ဆိုသည်ကား
နိုးကြားဖျတ်လတ် အားအင်ကြွယ်၊
အရာရာ စူးစမ်းမှု
ပြုတတ်အရွယ်၊
အကောင်းအဆိုး ခွဲကာရယ်
သိမြင်လွယ်ရုံမက၊
မကောင်းမှုကြဉ် ကောင်းမှုခင်၍
အမြဲအစဉ် ကျင့်ကြံတတ်မှ
ကောင်းမြတ်သည့် လူငယ်ဘဝ
ရလိမ့်မည်ပ။

\- ကောင်းမြတ်သည့် လူငယ်ဘဝ
ရကြစေရန် အတွက်ရွယ်၊
အပျင်းမဖက် လုံ့လထုတ်
ကြိုးကုတ်ကြကွယ်၊
ပညာတတ်၍ သုတကြွယ်
ကိုးစားဖွယ် လူငယ်များ၊
များပြားမှ ပြည်ရွာအကျိုး
ဆတက်ထမ်းပိုး တိုးတက်ရန်
အားသွန်ကာ ရှက်ဆောင်အား
ဖွံ့ထွားမည်သား။

\- လောင်းကစားနှင့် ဒုစရိုက်
မနှစ်ခြိုက် သွေဖည်ကာ၊
အရက်သေစာ မူးယစ်ဆေးဝါး
ရှောင်ရှားကြပါ၊
လူငယ်ဆိုတာ
အနာဂတ်၏ အားသစ်များ၊
ထူးချွန်ထက်မြက် တော်တတ်ရေး
အမြဲတွေးကာ ကြိုးစားလိုစိတ်
ဦးထိပ်ပန်ကာ လူငယ်အလှကို
ပြကြစို့လား။ ။

**မနော်သစ်(ပခုက္ကူ)**

# ကံမမြို့နယ် စီကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီကျေးရွာ၌ True Money နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် True Money နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ကံမမြို့နယ် စီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုနိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

မဆို လက်ငင်းပေးဝယ်ရသည်ထက် ဈေးကအနည်းငယ် မြင့်နေတတ်ပြန်သည်။

"ဘဘ ငွေခင် ဘဘ ငွေခင်"

"ဟေ သမီးရွှေစင် ဘာလိုချင်လို့လဲ"

"ကျောင်းကအပြန် ဗိုက်ဆာလာလို့ မုန့်စားမလို့ ဘဘ"

"ကြိုက်တဲ့မုန့်ယူပါဗျာ"

"ကဲ. . . ကိုငွေခင်၊ သမီးလေးရဲ့ မုန့်ဖိုးကိုလဲ အကြွေးစာရင်းထဲမှာ ထည့်မှတ်ပေးထားပါအုံး။ လောလောဆယ် မိုးစိုစိုနဲ့အလုပ်ပါးနေတယ်ဗျာ"

"အေးပါ မောင်မြင့်ရာ ပြောရမဲ့လူတွေလဲမဟုတ် တစ်ရွာတည်းသားချင်းတွေပဲရပါတယ်ကွ။ ဒါနဲ့ ဟိုနေ့က မင်းမိန်းမ ဆန်နဲ့လဲသွားတဲ့ ငါးရံ့တစ်တွဲကို ငါ့မိန်းမက ငရုတ်သီးစပ်စပ်နဲ့ တံငါချက် ချက်ကျွေးတာဟေ့။ မိုးအေးအေးနဲ့ စားကောင်းသလား မမေးနဲ့"

"ဩော်. . . အင်း အင်း"

သမီးလေးရှေ့တွင် ရုတ်တရက်ပြောလာသည့် ကိုငွေခင့်စကားကြောင့် ကိုမောင်မြင့်ခမျာ တအင်းအင်းနှင့် စကားမဆက်နိုင်။ သမီးလေးကို ငုံ့ကြည့်မိသည်။ ခပ်ငယ်ငယ် ငါးနှစ်အရွယ်သမီးကတော့ သူလိုချင်သည့်မုန့်ရသွားသည့်အခါ ထိုမုန့်ကို အသည်းအသန်စားနေ၏။ ကလေးဆိုသည်မှာ ပူပင်သောက ကင်းစင်သေးသည့်အရွယ်မဟုတ်ပါလား။ ကိုမောင်မြင့်ခမျာမှာတော့ အသိစိတ်ထဲတွင် "အဲဒီ ငါးတွေကျတော့ ခဏခဏမစားရဘူးနော်ဖေဖေ"ဟူသော သမီးလေးပြောခဲ့သည့်စကားများက တဝဲလည်လည်ရောက်လာပြန်သည်။ ဖခင်တစ်ဦးအနေဖြင့် သားသမီးအပေါ် တာဝန်မကျေပွန်သလိုဖြစ်ရလေခြင်းဟူသော အပူလှိုင်းလုံးသည် ကိုမောင်မြင့် နှလုံးသားကို တဒင်္ဂအချိန်တိုလေးအတွင်း နင့်ခနဲဖြစ်အောင် ရိုက်ခတ်သွားခဲ့သည်။ ခပ်ဆတ်ဆတ်ကလေး ရိုက်ခတ်သွားခဲ့သည်။ ထိုအခါဝယ် မျက်ရည်များစို့လာသည်။ ထိုမျက်ရည်စတို့ ကဆုန်ပေါက်ပြေးမထွက်ရလေအောင် မျက်တောင်မြန်မြန်ခတ်လိုက်ရ၏။ အပြင်ကမျက်ရည်ကို မကျအောင်ထိန်းလိုက်နိုင်သော်ငြား သူ့နှလုံးသားထဲတွင်တော့ စိတ်မကောင်းဖြစ်ရကာ မျက်ရည်မိုးရွာသွန်းဖြိုးခဲ့လေသည်။

မည်သို့သော အဆင်မပြေမှုများ၊ ဒုက္ခများ၊ သောကများရှိနေစေကာမူ ကမ္ဘာပေါ်ရှိ ဖခင်များသည် မိမိတို့၏ရင်နှစ်သည်းချာ သွေးသားတို့ကို ပြည့်ပြည့်စုံစုံထားချင်၊ မြင်ချင်ကြသည်မှာ သဘာဝပင်။ ထိုအချက်သည် ရာနှုန်းပြည့်မမှန်နိုင်သည့်တိုင်အောင် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းခန့်ထိ မှန်ကန်နေမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပါလောင်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း၊ အရှည် လေးမိုင်စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၆၈ ဒသမ ၂၄ သိန်းဖြင့် Shwe Kan Nyi Ko ကုမ္ပဏီနှင့် မိုင်းပျဉ်းညီအစ်ကို ကုမ္ပဏီတို့က ဇူလိုင် ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမာ**

# အင်အားအစစ်က ဘယ်မှာလဲ

ညနေစောင်းပြီး နေဝင်ချိန်လောက်ရှိရော့မယ်။ မိုးကောင်းကင်တစ်ခုလုံး မိုးလုံးပတ်လည် တိမ်တိုက်တွေဖုံးနေတာမို့ မှိုင်းညို့မှုန်ရီ၊ နေကိုမမြင်နိုင်ပါ။

မိုးတွေကလည်းရွာစွေနေတယ်။ မိုးရေအောက်မှာပဲ ဝမ်းဗိုက်ပူပူဝဝဖြိုးဖြိုးအဘိုးအိုကြီးတစ်ယောက်ဟာ မြင်းတစ်ကောင်ကို စီးရင်း ဖြည်းဖြည်းလေးလေး ရွေ့လျားနေတယ်။ သူ့နောက်မှာ အစေအပါး မိန်းမငယ်တစ်ဦး လိုက်ပါလာတယ်။ မြင်းရဲ့နောက်မှာ သူဟာ တစ်လှမ်းချင်း မနီးမဝေးမှ လိုက်လာတယ်။ ခေါင်းငိုက်စိုက်နဲ့။

အဝတ်အစားတွေကလည်း နွမ်းကြေ။ လူပုံတွေကလည်း နွမ်းနယ်ညှိုးငယ်နေကြရုံမက ကိုယ်ခန္ဓာညွတ်ကွေးကျနေပုံအရ အမူအရာကို သုံးသပ်ရရင် စိတ်ဓာတ်ကျဝမ်းနည်းကြေကွဲနေပုံဟာ ထင်ရှားပေါ်လွင်ပါတယ်။ အစာရေစာလည်း ဆာနေပုံရတယ်။ ကျန်းမာရေးလည်း ယိုယွင်းနေကြပုံရတယ်။

နောက်ဆုံးတော့ ဖျားနာနေတဲ့ ဗိုက်ပူပူဝဝ အဘိုးအိုကြီးကို လမ်းဘေးဇရပ်ပေါ်မှာထားရစ်ခဲ့ပြီး အမျိုးသမီးငယ်ဟာ မြင်းကိုစီးကာ ပျောက်ကွယ်ထွက်ခွာသွားပါလေတော့တယ်။ တစ်ညနဲ့ တစ်ရက်လုံးလုံး ခရီးဝေး ခရီးကြမ်းကို မိုးထဲရေထဲခရီးနှင်ခဲ့ပေမယ့် အအေးပတ် ဖျားနာနေတဲ့ ဒီအဘိုးအိုကို စွန့်ပစ်သွားလေပြီ။ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲမှုလက္ခဏာတွေကို လူတိုင်းကြုံရမည်သာဖြစ်ပါသော်လည်း ငယ်ရွယ်နုပျိုခဲ့စဉ်က စည်းစိမ်ရသ တဏှာကြောမှာသာ နစ်မျောကာ မေ့လျော့ပေါ့ဆသူတို့အဖို့ရာကား ပိုမိုပြင်းထန်ဆိုးရွားလေသလား။

ကိုယ်ခန္ဓာရောဂါဝေဒနာတွေရဲ့ ဖိစီးလောင်ကျွမ်းမှုကော လောကဓံတရားရဲ့ ထုထောင်းနှိပ်စက်မှုကြောင့် ရင်ထဲမှာ ဆို့နင့်ခံစားရတဲ့ ဒေါမနဿ၊ ဗျာပါဒ၊ မာန်မာန စိတ်ရဲ့ပူလောင်ဖိစီးမှုတွေကော ရောပြွမ်းပြီး သူကိုယ်သူ မထူနိုင် မထနိုင်တော့ဘဲ တုံးလုံးလဲနေပြီ။ လောကကြီးရဲ့ စိမ်းကားပစ်ပယ်ရက်စက်မှုကို မရှုမလှခံစားနေရသူကတော့ တစ်ချိန်က **ကောသလတိုင်းကြီးပြည့်ရှင်ဘုရင် ပသေနဒီကောသလမင်းကြီး** ပေပဲ။ ကောသလအိပ်မက် (၁၆)ချက်ဆိုတဲ့ တရားကို ကျောင်းကန်တန်ဆောင်း ဇရပ်တွေမှာ ပန်းချီကားတွေ ရေးဆွဲထားလေ့ရှိလို့ ဒီဘုရင်ကို သိသူများပါတယ်။ သားတော်အရင်းက ကောက်ကျစ်ညစ်ပတ်စွာ ထီးနန်းလုယူအာဏာသိမ်းခံရ။ မြင်းတစ်စီးနဲ့ ကျွန်တစ်ယောက်သာ ထည့်ပေးကာ မြို့တော်မှ အဝေးသို့ နှင်ထုတ်ပို့လိုက်တယ်။

ကောသလဘုရင်ရဲ့ နှမအရင်း ဝေဒေဟီဆိုတာ ရာဇဂြိုဟ်ပြည်မှာရှိတယ်။ သူ့ရဲ့သားတော် ဘုရင် အဇာတသတ်ဆိုတာ ပသေနဒီကောသလမင်းရဲ့ တူတော်ပါပဲ။ သားက စွန့်ပစ်တော့ တူတော်ရာဇဂြိုဟ်ပြည်ဆီလာခဲ့တယ်။ မြို့တံခါးတွေပိတ်၊ ငါဘုရင်ပါပြောလည်း တံခါးစောင့်၊ တံခါးမှူးတွေက မယုံ၊ အခြွေအရံ အဆောင်အယောင်မပါ၊ စုတ်စုတ်ပြတ်ပြတ်အဘိုးအိုတစ်ဦး ရူးလို့သာပြောချင်ရာပြောနေတာလို့ပဲ မီးတုတ်တွေနဲ့ လှမ်းကြည့်ပေမယ့် မယုံကြည်တော့ မြို့တံခါးကို ဖွင့်မပေးပါ။ အဇာတသတ်မင်းက သူ့ဖခင် ဗိမ္ဗိသာရမင်းလို သဘောထားမကောင်းပါ။ "ငါဟာ မင်းတို့ရဲ့ဘုရင် အဇာတသတ်ရဲ့ ဦးရီးတော်လေ။ ကောသလတိုင်းက ဘုရင်ပသေနဒီမင်းလေကွာ" ဘယ်လိုပြောပြော မိုးသည်းသည်း၊ မိုးရွာထဲ အဖက်လုပ်စကားမပြောတော့ မြို့ပြင်က ဇရပ်တစ်ခုဆီ ပြန်လှည့်လာခဲ့ရတယ်။ အခုတော့ မြင်းတစ်ကောင်နဲ့ အစေအပါးတစ်ယောက်ကလည်း စွန့်ခွာထွက်ပြေးသွားလေခဲ့ပြီ။ စည်းစိမ်မရှိ၊ အာဏာ မရှိ၊ ဩဇာကင်းမဲ့တော့ ဘယ်သူမှ သူ့အနားမကပ်ချင်။ ခြွေရံသင်းပင်းများတဲ့ဘဝမှ မရှိတဲ့ဘဝ။

မြို့ပြင်က လေတဟူးဟူး မိုးတသည်းသည်းကြားထဲမှာ အဖေကို အဖေလို့မထင်တဲ့သားနဲ့။ ဦးရီးတော်ကို အဖက်တောင်မလုပ်တဲ့တူနဲ့။ ကောသလမင်း ပသေနဒီမှာ မသေခင် စိတ်ဆင်းရဲလှပါတယ်။ နှစ်ညလောက်မိုးရေစိုစိုရွှဲရွှဲနဲ့ အအေးပတ်ပြီး ဇရပ်စုတ်ပေါ်မှာပဲ ကွေးကွေးလေး အသက်ထွက်သွားရှာလေပြီ။

တကယ်တော့ မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်မှာ နန်းတွင်းသူ နန်းတွင်းသားတွေ၊ မြို့သူမြို့သားတွေ၊ သူဌေးတွေ၊ သူကြွယ်တွေ၊ ဘုရားရှင်ရဲ့ တရားတော်အဆုံးအမတွေနာကြားပြီး သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်စသဖြင့် အေးချမ်းတဲ့တရားအဆင့်တွေ ရရှိသွားခဲ့ကြပါရဲ့။ ကောသလမင်းကတော့ အအိပ်လည်းမက်တယ်။ ဘုရား တရားဟောစဉ်မှာပင် ကြားတစ်ချက် မကြားတစ်ချက်နဲ့ အိပ်ပျော်သွားတတ်လေရဲ့။ နားမဝင်ခဲ့ရှာ။ အစားလည်း လွန်ကျူးတယ်။ ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်စာချက်ထားတာ အကုန်စားနိုင်တယ်ဆိုလား။ တရား ဒေသနာတွေလည်း မှတ်မှတ်သားသားမရှိလှ။

သက်သက် အနတ္တသဘောဖြစ်နေကြောင်း ကောင်းမွန်စွာ သိမြင်ပြီး သမာဓိတည်ကြည်မှု သိက္ခာရှိနေခြင်း။ ဒီလိုလူဟာ လူမှန်ခေါ်နိုင်မယ်။ အမုန်းမရှိ မာနမရှိ၊ ဒိဋ္ဌိပယ်ခွာခဲ့ပြီ။

၃။ **ပညာသိက္ခာ။** အထက်ပါအနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးနဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း (ငါဟုအမှန်တကယ်မရှိခြင်း) စသည်ဉာဏ်အလင်းဖြင့် ထွင်းဖောက်သိမြင်ပြီးဖြစ်တာမို့ ပညာဉာဏ်ပြည့်စုံခြင်းရှိသူကိုတော့ ပညာသိက္ခာအဆင့်ခေါ်ထိုက်ပေလိမ့်မယ်။ မြင့်မြတ်တဲ့လူလို့ သတ်မှတ်နိုင်မှာပေါ့။ ကိလေသာ အညစ်အကြေးကင်းလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့

❖ ဖန်တီးတီထွင်မှုပေါင်း ၂၀၀၀ ကျော် အမည်အမျိုးမျိုး စမ်းသပ်တီထွင်ခဲ့သူ သောမတ်(စ်)အက်ဒီဆင်ကို "သင်ဟာ ဘာလို့ဒီလိုအောင်မြင်စွာ အသစ်အဆန်းတွေကို စူးစမ်း စမ်းသပ်ပြီး တီထွင်နိုင်တာလဲလို့ မေးတဲ့အခါ ခန္ဓာကိုယ်က ပင်ပင်ပန်းပန်းလုပ်ဆောင်ရတာက ၉၉ ရာခိုင်နှုန်းလောက် ကြိုးစားရတာဖြစ်ပြီး စိတ်ကူးစိတ်သန်းက ၁ ရာခိုင်နှုန်းနဲ့ စတင်ရပါတယ်"တဲ့။ ရုပ်ဝတ္ထုတွေကို နာမ်သဘော(စိတ်)က ရှေ့ဆောင်နေတာသိရမယ်။ ရောမဧကရာဇ်ဘုရင်တစ်ပါးဖြစ်တဲ့ မားကပ်စ်အောရဲလိယပ်စ်ဟာ စာပေရေးသားခြင်းကြောင့်လည်း ထင်ရှားတဲ့ ဧကရာဇ်စာဆို၊ အတွေးအခေါ်ပညာရှင်ဖြစ်ပါတယ်။ စိတ်ကိုထိန်းကျောင်းရပါမယ်။ ❖

စိတ်ဝင် စားမှုနည်းပုံရခဲ့တယ်။ သားတော်၊ တူတော်တွေက အထင်သေးပစ်ပယ်ခံရတဲ့ထိ ကျဆင်းနိမ့်လျော့ပြီး အခုလို လမ်းဘေးဇရပ်ပေါ်မှာပဲ သေဆုံးနတ်ရွာစံရရှာလေရဲ့။ သူဟာ တရားနာခွင့်ရပါလျက် မရယူနိုင်ခဲ့ဘူး။ သူက အခွင့်အရေးရှိခဲ့ပါလျက် မသုံးတတ်ခဲ့ပါ။

တကယ်တော့ မြတ်စွာဘုရားဟာ မိမိကိုယ်သာ အားကိုးရာဖြစ်ကြောင်း၊ နိဗ္ဗာန်မဂ်ဖိုလ်အလိုရှိပါက မိမိကိုယ်တိုင် မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့အတွေးအကြံ၊ မှန်ကန်တဲ့အပြောအဆို၊ မှန်ကန်တဲ့အပြုအမူစသဖြင့် (မဂ္ဂင်ရှစ်ပါး) နေ့စဉ်ဘဝမှာ လိုက်နာကျင့်သုံးရမှာဖြစ်ကြောင်း ပြသနိခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အဆင့်အုပ်စုခွဲခြားကြည့်မယ်ဆိုရင် သိက္ခာ သုံးပါးရှိပါတယ်။

၁။ **သီလသိက္ခာ။** မိမိကြောင့် သူတစ်ပါးမထိခိုက်မနှောင့်ယှက်မိအောင် စာနာမှု၊ နားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ မေတ္တာဖြင့်သာ ဆက်ဆံတတ်ခြင်း၊ လောဘ၊ ဒေါသ၊ မာန်မာနနှင့် အမုန်းအမျက်၊ ဖျက်ဆီး၊ ထိပါးခြင်းမရှိစေရ သီလဂုဏ်ပြည့်စုံသည်နှင့်အမျှ ကြည်လင်ဖြောင့်မတ်သော ဂုဏ်သိက္ခာကြောင့် လူကောင်းဟု ခေါ်ထိုက်ပြီပေါ့။

၂။ **သမာဓိသိက္ခာ။** သီလပြည့်စုံတဲ့အတွက် ဉာဏ်ပညာလည်း ကြည်လင်ထက်မြက်နေလေတော့ သူက လောကရဲ့ဖြစ်ခြင်း၊ ပျက်ခြင်း၊ အမြဲမတည်တံ့ဘဲ ပြောင်းလဲဖောက်ပြန်နေခြင်းသဘော၊ ဆင်းရဲခြင်း အမှန်ရှိနေခြင်းသဘော၊ ငါပိုင်သည်၊ ငါရှိသည်၊ ငါဖြစ်သည်ဟူသော အတ္တသဘောမရှိဘဲ ရုပ်နာမ်ခမ္မသခါရတို့ဟာ ရုပ်အစု၊ ခံစားမှုအစု၊ မှတ်သားမှုအစု၊ ပြုပြင်စီရင်မှုအစု၊ သိတတ်သောသဘောအစုဆိုတဲ့ ခန္ဓာငါးပါးဖြစ်စဉ်

အေးချမ်းနေနိုင်ပြီ။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်အချိန်ဆီက ကောသလဘုရင်ဟာ လမ်းဘေးက ဇရပ်အိုပေါ်မှာ သေရရှာ တယ်လို့ ဦးပုညက ကဗျာလင်္ကာတစ်ပုဒ်ရေးခဲ့ဖူးတယ်။ ရတနာပုံခေတ်ပေါ့။

"သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာထင်ရဲ့၊ ရှေးဉာဏ်ရှင် မဝေခွဲနိုင်ဘု ပွဲတွေ့အမှား"တဲ့။

မင်းတုန်းမင်းခေတ်၊ စလေဦးပုညဟာ ဗေဒင်ပညာတတ်ကျွမ်းတယ်လို့ ရတနာပုံ မန္တလေး မင်းနေပြည်မှာကျော်စောတဲ့ စာဆိုတစ်ယောက်ပေပဲ။ မင်းပေါက်စိုးပေါက်မို့ နန်းတွင်းသူတွေ သူ့ဆီသွားပြီး ဗေဒင်မေးနေကျပေပဲ။ နန်းတွင်းရေးမှာ ပုန်ကန်သူအဖွဲ့ကို စတင်တိုက်ခိုက်ရမယ့်နေ့ရက်၊ စစ်ခင်းဖို့ အချိန်အခါကို ဦးပုညကပေးခဲ့တယ်လို့ ဖမ်းဆီးရမိခဲ့တဲ့သူတချို့က ထွက်ဆိုထုတ်ဖော်လေတော့ သူ့မှာ ရာဇဝတ်ဘေးသင့်ပြီး မြို့ဝန်ရဲ့ စီရင်မှုနဲ့ ရေမှာချ၍ သတ်သေစေပြစ်ဒဏ်ခံရတယ်။

သူတစ်ပါးကို သတိပေးဟောကြားသူကိုယ်တိုင်လည်း မကျင့်ရင်မရ။ လူသားတိုင်းဟာ မိမိကိုယ်ကို ရှုမြင်ဆင်ခြင်ပြီး ပြုပြင်တည့်မတ်တာထက် သူတစ်ပါးတို့ရဲ့ ချွတ်ယွင်းချက်၊ ချို့တဲ့မှု၊ အပြစ်၊ အနာအဆာ၊ အားနည်းချက်တွေကိုသာ ထင်ထင်ရှားရှား၊ သတိပြုကြည့်ရှုမြင်တွေ့လေ့ရှိတာ သတိထားစရာပါပဲ။ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့က ပထမအရေးကြီး။

**သဒ္ဒိသံပါကဲ ဓနေတိ=** မိမိပြုတဲ့ကောင်းမှု၊ မကောင်းမှုက မိမိကိုကောင်းကျိုး၊ ဆိုးကျိုးပေးခြင်းဖြစ်တယ်။ ပြင်ပက နတ်ကောင်း၊ နတ်ဆိုးတို့က ဖန်တီးခြင်းမဟုတ်။ သူတစ်ပါးက ပြုလုပ်စီရင်ခြင်းမဟုတ်။ အဘိဓမ္မာသုတ်မှာ ဒီလိုဟောကြားထားတာကို တွေ့ရှိရပေတယ်။ နေ့စဉ် ဆင်ခြင်သုံးသပ်ရမဲ့ နိယာမ။

## သတင်းစာဆရာတစ်ဦး

**ယံကမ္မံကရိဿာမိ**
**ကလျာဏံဝါ ပါပကံဝါ**
**တဿဒါယဒေါ ဘဝိဿမိတိ။**

အကြောင်းကံတစ်စုံတစ်ရာကို ပြုအံ့။ ကောင်းတဲ့ကောင်းမှုကံကိုပြုရင် ကောင်းမှုကောင်းကျိုးရမယ်။ မကောင်းမှုအကုသိုလ်ဒုစရိုက်ပြုရင် ဆိုးကျိုးဘေးဒဏ်ဒုက္ခတို့ကို မိမိသာခံရလိမ့်မယ်တဲ့။ အားကိုးရာအစစ်က ဘယ်မှာလဲ။ အဝေးမှာမရှိပါ။ ပြင်ပမှာမတည်ပါ။

မိမိခန္ဓာကိုယ်ထဲမှာရှိတဲ့ သိခြင်းသဘောရှိတဲ့ စိတ်(နာမ်)တရားသာ အဓိကဖြစ်ပါတယ်။ စိတ်ကရှေ့ဆောင်နေတယ်။ စိတ်ဟာ လောကကို ဖန်တီးတာဖြစ်ပါတယ်။ စိတ်ဆိုတာ ထူးခြားဆန်းကြယ်လွန်းလှတဲ့အရာတစ်ခုပါပဲ။ စိတ်ဆိုတာကပင် ပါဠိဝေါဟာရမှ ဆင်းသက်ရွေ့လျောလာတဲ့ မြန်မာစကားလုံးပါ။ စိတ်ရဲ့မူရင်းက စိတ္တ(ပါဠိ) **စိတ္တရုံ=** ဆန်းကြယ်ခြင်းတဲ့။ ဆန်းကြယ်ထူးခြားလို့ စိတ္တရုံ၊ စိတ္တလို့ခေါ်ပါတယ်။ ဒီတော့ စိတ်ဆိုတာ ဆန်းကြယ်ပေမှာပေါ့။

ဘယ်လိုများ ဆန်းကြယ်ပါသလဲ။

**စိတ်ကို သင်ကိုယ်တိုင်မြှင့်ထားရင် မြင့်မားတယ်။**
**သင့်စိတ်ကိုသင်ကနိမ့်ချရင် သင်ဟာ နိမ့်ကျမယ်။**
သင့်စိတ်ကို သင်ကပဲ ဖန်တီးခြယ်လှယ်တယ်။
စိတ္တေနနီယတေလောကော။
**စိတ်ဟာ ဒီသတ္တလောကကို လွှမ်းမိုးတယ်။**
စိတ်ကောင်းသူဟာ လူကောင်းပါပဲ
စိတ်ယုတ်သူဟာ လူယုတ်မာပဲ။

စိတ်က ဖန်တီးတီထွင်တာတွေ ဘယ်လောက်များဆန်းကြယ်သလဲ၊ ထူးဆန်းသလဲ။ ယာဉ်အမျိုးမျိုး၊ ပစ္စည်းကိရိယာအမျိုးမျိုး၊ လူတွေဖန်တီးတာ စိတ်က ဦးဆောင်ဖန်တီးတာပဲလေ။ အသစ်အဆန်းအမျိုးမျိုး။

ဖန်တီးတီထွင်မှုပေါင်း ၂၀၀၀ ကျော် အမည်အမျိုးမျိုး စမ်းသပ်တီထွင်ခဲ့သူ သောမတ်(စ်)အက်ဒီဆင်ကို သင်ဟာ ဘာလို့ဒီလိုအောင်မြင်စွာ အသစ်အဆန်းတွေကို စူးစမ်းစမ်းသပ်ပြီး တီထွင်နိုင်တာလဲလို့ မေးတဲ့အခါ ခန္ဓာကိုယ်က ပင်ပင်ပန်းပန်းလုပ်ဆောင်ရတာက ၉၉ ရာခိုင်နှုန်းလောက် ကြိုးစားရတာဖြစ်ပြီး စိတ်ကူးစိတ်သန်းက ၁ ရာခိုင်နှုန်းနဲ့ စတင်ရပါတယ်" တဲ့။ ရုပ်ဝတ္ထုတွေကို နာမ်သဘော(စိတ်)က ရှေ့ဆောင်နေတာသိရမယ်။ ရောမဧကရာဇ်ဘုရင်တစ်ပါးဖြစ်တဲ့ မားကပ်စ်အောရဲလိယပ်စ်ဟာ စာပေရေးသားခြင်းကြောင့်လည်း ထင်ရှားတဲ့ ဧကရာဇ်စာဆို၊ အတွေးအခေါ်ပညာရှင်ဖြစ်ပါတယ်။ စိတ်ကို ထိန်းကျောင်းရပါမယ်။

**"Our Life is what our thoughts make it"**

**Mareus Arelius**
**(AD-121-180)**

**"ကျွန်ုပ်တို့ရဲ့ဘဝတွေဟာ ကျွန်ုပ်တို့ရဲ့ စိတ်အတွေးက လုပ်ဆောင်ပေးလိုက်တာပဲဖြစ်ပါတယ်"**တဲ့။ မားကပ်စ်အောရဲလိယပ်စ်က အတွေးဆိုတာ စိတ်(နာမ်)က ပြုလုပ်တာလေ။ မသိနိုင်စွမ်းတဲ့ ရုပ်ခန္ဓာက လုပ်နိုင်ခြင်းမရှိပါဘူး။ သိတတ်ခြင်းသဘောရှိသော စိတ်ဟာ အရာရာကို ကောင်းအောင်၊ ဆိုးအောင်ပြုလုပ်နိုင်တာပဲ။ အဲဒီစိတ်ကို မိမိကိုယ်တိုင် အင်အားရှိကြောင်း တွေ့မြင်ရပါလိမ့်မယ်တဲ့။ သင့်ရဲ့ ဩဇာအာဏာစွမ်းအားက ပြင်ပဖြစ်ရပ်တွေမှာ မရှိပါဘူး။ သင့်စိတ်အပေါ်မှာပဲရှိတယ်။ ဒါကို အမှန်အတိုင်း သိရပါမယ်တဲ့။

**အင်အားအစစ်က ဘယ်မှာလဲ။ သင့်စိတ်ထဲမှာပဲ။**

**"You have power over your mind, not outside events. Realize it. You will Find the strength."**

မိမိအတွင်းအင်အားကို လျစ်လျူရှုပြီး ပြင်ပကပြည်ပအထောက်အပံ့အစေအခိုင်းကို ယုံစားအားကိုးနေခြင်းမျိုးဟာ မှန်သလား၊ မှားသလား။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၃၄၀၁ ဧက စိုက်ပျိုးပြီးစီး



**ဝက်လက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၃၄၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံသီးနှံ ဧက ၇၄၇၂၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၇၃၄၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ပဲမျိုးစုံသီးနှံဧက ၇၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၇၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကို မိုးရာသီမှာထက် ဆောင်းရာသီမှာပဲအများဆုံး စိုက်ပျိုးကြတာဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၃၈၅၂၂ ဧက၊ ပဲစင်းငုံ ၂၂၃၆၆ ဧက၊ ပဲလွမ်း ၆၀၁၂ ဧက၊ စွန်တာပြာ ၆၀၁၉ ဧက၊ ပဲကြီး ၄၈၂ ဧက စုစုပေါင်း ၇၃၄၀၁ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်း ၃၈၆၄၁ ဧက၊ စွန်တာပြာ ၆၀၀၈ ဧက၊ ပဲစင်းငုံ ၂၂၄၅၇ ဧက၊ ပဲလွမ်း ၅၉၉၇ ဧက၊ ပဲကြီး ၁၆၂၅ ဧက စုစုပေါင်း ၇၄၇၂၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လက်ပံတန်းမြို့နယ် သလပ်ဖက်ပင်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လက်ပံတန်း အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သလပ်ဖက်ပင်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလှိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးအေးလှိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၇ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၅ ဒသမ ၄၅ သန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၉၃ ဦးကို စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများကို ပြန်လည်တုံ့ပြန်ကုစားဆောင်ရွက်သည့်အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချလိုသူများ၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# တောင်ကြီးမြို့နယ် ထီဖောင်းတောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ပစ်ကျေးရွာအုပ်စု ထီဖောင်းတောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ထီဖောင်းတောင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၁ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထီဖောင်းတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

# မလှိုင်မြို့နယ် အိမ်ကြီးတောကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ကြီးတောကျေးရွာတွင် ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် ဝန်ထမ်းများက အိမ်ကြီးတောကျေးရွာတွင် အရှည် ၇ ဒသမ ၆ ဖာလုံရှိ မြေသားတင်ချင်း လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Slab Culvert တစ်စင်း၊ ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုစုက ကျေးရွာလမ်း ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါအိမ်ကြီးတော ကျေးရွာကုန်ထုတ်လမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၇၉၈ သန်းဖြင့် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အိမ်ကြီးတောကျေးရွာနှင့် ၎င်းကျေးရွာအနီးရှိ လယ်ယာများမှ ထွက်ရှိသော ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ ရာသီမရွေးအချိန်ကုန်သက်သာစွာ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ဘားအံမြို့နယ် ကတွန်းတာကျေးရွာ၌ ဂဝံမြေလမ်းခင်းနေမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဇာသပြင်ကျေးရွာအုပ်စု ကတွန်းတာကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကတွန်းတာကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကတွန်းတာကျေးရွာတွင် လမ်းအရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ ဂဝံမြေ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆက်လှ**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရေငုပ်သင်္ဘောနည်းပညာနယ်ပယ်တွင် ပူးပေါင်းလျက်ရှိသော တရုတ်-ရုရှား

ဝင်းဇင်(သုတေသန)



တရုတ်နိုင်ငံသည် ရုရှားကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် အသံပိုမိုလုံခြုံသော နျူကလီးယား ရေငုပ်သင်္ဘောအသစ်တစ်စီးကို တည်ဆောက်လျက်ရှိသောကြောင့် အင်အားကြီးနှစ်နိုင်ငံသည် ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့ပါဝင်သည့် သုံးနိုင်ငံလုံခြုံရေးမဟာမိတ်အဖွဲ့ (AUKUS) အပြင် အမေရိကန်နှင့် ၎င်း၏ပစိဖိတ်မဟာမိတ်နိုင်ငံများအပေါ် စိန်ခေါ်မှုဖြစ်ပေါ်လာစေလျက်ရှိသည်။

အဆိုပါစီမံကိန်းသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကို တောင်တရုတ်ပင်လယ်အပါအဝင် အရေးပါသောခြိမ်းခြောက်မှုများတွင် တရုတ်နိုင်ငံ၏ ရေငုပ်သင်္ဘောများကို ခြေရာခံနိုင်ရန် ကြိုးပမ်းရာတွင် ခက်ခဲစေမည်ဖြစ်ပြီး ပစိဖိတ်ဒေသတွင် အမေရိကန်ပင်လယ်ရေအောက်နယ်ပယ်ကို တိုက်ရိုက်စိန်ခေါ်မှုများဖြစ်ပေါ်လာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် နျူကလီးယားလက်နက်တပ်ဆင်ထားသော ရေငုပ်သင်္ဘောမျိုးဆက်သစ်များ တည်ဆောက်လျက်ရှိပြီး Type 096 အမျိုးအစားနျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော (SSBN) သည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ တာဝန်အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရေငုပ်သင်္ဘော၏ အသံပိုင်းဆိုင်ရာတိတ်ဆိတ်မှုအခက်အခဲကို ရုရှားနည်းပညာအကူအညီဖြင့် ကျော်လွှားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

Type 096 အမျိုးအစားရေငုပ်သင်္ဘောများသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက် စောင့်ကြည့်ခြေရာခံမှုလုပ်ဆောင်ရာတွင် စိန်ခေါ်မှုပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့ပြင် Type 096 ရေငုပ်သင်္ဘောသည် ကိုယ်ပျောက်စွမ်းရည်၊ အာရုံခံမှုများ၊ လက်နက်စနစ်များနှင့်စပ်လျဉ်း၍ ရုရှားရေငုပ်သင်္ဘောများ၏ နောက်ဆုံးနည်းပညာနှင့်နှိုင်းယှဉ်နိုင်မည့်အပြင် တရုတ်၏ရေအောက်စွမ်းဆောင်ရည် တစ်ဟုန်ထိုးမြင့်တက်လာမှုသည် အမေရိကန်နှင့် ၎င်း၏ အင်ဒို-ပစိဖိတ်မဟာမိတ်များအပေါ် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာစေနိုင်ပေသည်။

တရုတ်နိုင်ငံ၏ နျူကလီးယားရေငုပ်သင်္ဘော (SSN)များနှင့် SSBN များကို ခြေရာခံနိုင်ရေး ပြောင်းလဲကြိုးပမ်းလာမှုများသည် အမေရိကန်ရေတပ်နှင့် အင်ဒို-ပစိဖိတ်ဒေသရှိ အခြားသောစစ်ဘက်တို့၏ တိုးမြှင့်တပ်ဖြန့်ချထားမှုများနှင့် အရေးပေါ်အစီအစဉ်များအနက်မှ တစ်ခုပင်ဖြစ်သည်။ အမေရိကန်နှင့် မဟာမိတ်များအနေဖြင့် Type 096 များ စတင်တာဝန်ထမ်းဆောင်ချိန်တွင် အဆိုပါအစီအစဉ်များကို အရှိန်တိုးမြှင့်လုပ်ဆောင်လာဖွယ်ရာရှိသည်။

လက်ရှိအချိန်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLA-N)သည် အမေရိကန်၊ ဗြိတိန်၊ ရုရှားနှင့် ပြင်သစ်တို့ အသုံးပြုလျက်ရှိသည့် ရေငုပ်သင်္ဘောများနှင့် စွမ်းဆောင်ရည်တူညီသော နျူကလီးယားလက်နက် အပြည့်အဝတပ်ဆင်ထားရှိသည့် ၎င်း၏ Type 094 ရေယာဉ်များဖြင့် ဟိုင်နန်ကျွန်းနှင့် တောင်တရုတ်ပင်လယ်ပြင်တို့တွင် စောင့်ကြပ်ကင်းလှည့်လျက်ရှိသည်။

တရုတ် SSBN များ၏အသံတိတ်စွမ်းဆောင်ရည်အလားအလာ မြင့်တက်လာခြင်းကြောင့် AUKUS စာချုပ်ချုပ်ဆိုထားသည့် ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့သည် အနောက်ပစိဖိတ်ဒေသတွင် ဗြိတိန်နှင့် အမေရိကန်တို့၏ တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ တပ်ဖြန့်ချထားမှု ပိုမိုမြင့်တက်လာဖွယ်ရာရှိသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံအနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်တွင် ဗြိတိန်၏နျူကလီးယားနည်းပညာဖြင့် ပထမဆုံးသော ကိုယ်ပိုင်တိုက်ခိုက်ရေးရေငုပ်သင်္ဘောများတည်ဆောက်သွားရန် မျှော်မှန်းထားရှိသည်။

Type 096 SSBN အမျိုးအစားရေငုပ်သင်္ဘောသည် လက်ရှိ Type 094 SSBN ကို သိသာထင်ရှားစွာ အဆင့်မြှင့်တင်ထားသည့် တရုတ်နိုင်ငံ၏မျိုးဆက်သစ်ရေအောက်နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ပင်ဖြစ်သည်။ Type 094 သည် JL-2 အမျိုးအစားရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်နိုင်သည့်ပဲ့ထိန်းဒုံးကျည် (SLBM) တပ်ဆင်ထားရှိပြီး ကီလိုမီတာ ၇၂၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။

မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (CSIS) ၏အဆိုအရမူ Type 094 ရေငုပ်သင်္ဘောသည် ဟာဝိုင်ရီနှင့် အမေရိကန်အနောက်မြောက်ပိုင်းဒေသထိ တိုက်ခိုက်ရန်အတွက် ဂျပန်၊ တရုတ်(ထိုင်ပေ) နှင့် ဖိလစ်ပိုင်တို့ပါဝင်သည့် ပထမကျွန်းတန်းရှိ မီယာကိုရေလက်ကြားနှင့် ဘာရှီတူးမြောင်းတို့ကဲ့သို့သောနေရာများကို ဖြတ်သန်းသွားရန်လိုအပ်ကြောင်းနှင့် JL-2 ပဲ့ထိန်းဒုံးကျည်၏ ရောက်ရှိနိုင်မှုအကွာအဝေးနှင့် ဆူညံသံတို့သည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်ရေငုပ်သင်္ဘောတိုက်ဖျက်ရေးတပ်ဖွဲ့များ၏ ထောက်လှမ်းမှုခံရနိုင်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။

သို့သော် လက်ရှိအချိန်တွင် Type 094 ရေငုပ်သင်္ဘော၌ JL-3 SLBM တပ်ဆင်ထားသောကြောင့် ကီလိုမီတာ ၁၀၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်ပြီး တောင်တရုတ်ပင်လယ်ပြင်ရှိခံတပ်မှ အမေရိကန်နိုင်ငံထိ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မကြာသေးမီအချိန်အတွင်းကပင် Type 094 ၏ ကိုယ်ပျောက်စွမ်းရည်နှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကိုလည်း အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ Type 094A နှင့် 094B မူကွဲများတွင် ဆူညံသံလျှော့ချနိုင်ရေးအတွက် ကိုယ်ထည်ဒီဇိုင်းပုံစံများကို အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ထားရှိသည်။ ထိုသို့ အဆင့်မြှင့်တင်မှုများရှိနေသည့်တိုင်အောင် တရုတ်ရေငုပ်သင်္ဘောများသည် ကိုယ်ပျောက်စွမ်းရည်တွင် အမေရိကန်နှင့် ရုရှားရေငုပ်သင်္ဘောများကဲ့သို့ စွမ်းဆောင်ရည်မြင့်မားမှုမရှိသေးပေ။ စစ်အေးတိုက်ပွဲကာလတွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ၎င်းတို့၏ SSBN များနှင့် SSN များတွင် အသံလုံခြုံမှုနည်းပညာတိုးတက်ပိုင်ဆိုင်ခဲ့ပြီး အမေရိကန်သည် ၁၉၆၀ ပြည့်လွန်နှစ်များတွင်လည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင်လည်းကောင်း အသံဆူညံမှုလျှော့ချနိုင်သည့် နည်းပညာများပိုင်ဆိုင်ခဲ့သည်။

တရုတ်နိုင်ငံထုတ် Type 093 SSN ရေငုပ်သင်္ဘော၏ကိုယ်ပျောက်စွမ်းရည်သည် ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သော ဆိုဗီယက်ခေတ်ဒီဇိုင်းများနှင့်တူညီလျက်ရှိပြီး Type 094 SSBN များ၏ အသံဆူညံမှုသည် လွန်ခဲ့သောနှစ် ၄၀ ကျော်က ဆိုဗီယက်ဒီဇိုင်းရေငုပ်သင်္ဘောများနှင့် တူညီလျက်ရှိသည်။

တရုတ်နိုင်ငံ၏ Type 096 ရေငုပ်သင်္ဘောအသစ်သည် ၁၅၀ မီတာရှည်လျားမည်ဖြစ်ပြီး တစ်နာရီလျှင် ရေမိုင် ၃၃ မိုင်အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်မည်ဖြစ်သည့်အတွက် ရုရှား၏ SSBN အသစ်ဖြစ်သည့် Borei အတန်းအစားနှင့် နှိုင်းယှဉ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် Type 094 SSBN ရေငုပ်သင်္ဘောလေးစီး ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အတွက် Type 094 နှင့် Type 096 အပါအဝင် ၂၀၃၀ ပြည့်နှစ်တွင် SSBN ရေငုပ်သင်္ဘောရှစ်စီးထိ ပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ၎င်း၏ Type 096 SSBN ရေငုပ်သင်္ဘောဒီဇိုင်းများဖြင့် တရုတ်နိုင်ငံကို ပံ့ပိုးကူညီသွားဖွယ်ရာရှိနေသည်။ ရုရှားသည် ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ အနောက်အုပ်စု၏ပိတ်ဆို့မှုများကြောင့် တရုတ်၏အထောက်အပံ့များအပေါ် ပိုမိုမှီခိုအားထားလာရသဖြင့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ဆက်ဆံရေးကို အကန့်အသတ်မဲ့ဆောင်ရွက်လာခဲ့သည်။ ရုရှားနိုင်ငံသည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တရုတ်နိုင်ငံကို SSN နှင့် SSBN အမျိုးအစားရေငုပ်သင်္ဘောများ တည်ဆောက်ရေးအတွက် စဉ်ဆက်မပြတ်ပံ့ပိုးကူညီပေးလျက်ရှိသည်။ အထူးသဖြင့် ရေငုပ်သင်္ဘောတွန်းကန်အားစနစ်နှင့် အသံဆူညံမှုလျှော့ချနိုင်ရေး အလေးထားကူညီခဲ့သည်။ ရုရှား Rubin Design Bureau သည် တရုတ်နိုင်ငံ၏ Type 093 SSN ရေငုပ်သင်္ဘော ကိုယ်ထည်တည်ဆောက်ခြင်း၊ လက်နက်နှင့် လက်နက်စနစ်များတပ်ဆင်ခြင်း၊ ကိုယ်ပျောက်စွမ်းရည်မြှင့်တင်ခြင်းနှင့် အသံပိုင်းဆိုင်ရာနည်းပညာတိုးတက်ရေးအတွက် အထောက်အကူပေးခဲ့သည်။

ရုရှားနိုင်ငံသည် အသံတိတ်ဆိတ်မှုနှင့် နျူကလီးယားတွန်းကန်အားစနစ်စသည့် ရေငုပ်သင်္ဘောနည်းပညာများတွင် လက်ရှိအချိန်ထိ တရုတ်နိုင်ငံထက်သာလွန်လျက်ရှိသည်။ ရုရှား၏ Arcturus SSBN ရေငုပ်သင်္ဘောတည်ဆောက်မှု သဘောတရားတွင် အသံလှိုင်းဖြင့် ခြေရာခံမှုကိုရှောင်တိမ်းနိုင်ခြင်း၊ ပဲ့တင်သံလျှော့ချခြင်း၊ ဝင်ရိုးမဲ့စက်နှင့် တွန်းကန်အားစက်စသည့်စနစ်များ တပ်ဆင်ထားရှိသည်။ Arcturus သည် မျိုးဆက်သစ် ရုရှား SLBM များနှင့် ရေအောက်ဒရုန်းများပါဝင်သော လက်နက်စနစ်များ တပ်ဆင်ထားရှိသည်။

ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို နျူကလီးယားတွန်းကန်အားစနစ်၊ အသံတိတ်ဆိတ်မှုနည်းပညာနှင့် ကိုယ်ထည်ဒီဇိုင်း စသည့်အရေးပါသောနည်းပညာများ ပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏စစ်ရေယာဉ်တည်ဆောက်နိုင်မှုစွမ်းရည်သည် ရေငုပ်သင်္ဘောအမြောက်အမြားတည်ဆောက်နိုင်မည့်အပြင် စီးပွားဖြစ်လည်းတည်ဆောက်လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံပိုင် နျူကလီးယားကုမ္ပဏီ Rosatom သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် Changbiao Island ရှိ တရုတ်နိုင်ငံပိုင် အဏုမြူဓာတ်ပေါင်းဖိုသို့ သန့်စင်ပြီး အဆင့်မြင့်ယူရေနီယံ (HEU) ၆၄၇၇ ကီလို ပံ့ပိုးကူညီပေးခဲ့သည်။ အဆိုပါပမာဏသည် နှစ်စဉ် နျူကလီးယားကျည်ထိပ်ဖူး ၅၀ ထုတ်လုပ်နိုင်သည့်အပြင် HEU ကို တရုတ်၏ နျူကလီးယားရေငုပ်သင်္ဘောများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နှင့် ရုရှားတို့သည် ရေငုပ်သင်္ဘောအသံလုံခြုံမှုနှင့် ကိုယ်ပျောက်စွမ်းရည်ဆိုင်ရာနည်းပညာများ တိုးတက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်ရေတပ်များအနေဖြင့် တရုတ်ရေငုပ်သင်္ဘောများကို ထောက်လှမ်းခြေရာခံနိုင်ရေးအတွက် စိန်ခေါ်မှုဖြစ်လာပြီဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် စစ်ရေယာဉ်များတည်ဆောက်ရာတွင် စွမ်းဆောင်ရည်မြင့်မားလျက်ရှိသဖြင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက်မူ အိပ်မက်ဆိုးကြီးတစ်ခုပင်ဖြစ်ပေသည်။

❖ တရုတ်နိုင်ငံသည် နျူကလီးယားလက်နက်တပ်ဆင်ထားသော ရေငုပ်သင်္ဘောမျိုးဆက်သစ်များ တည်ဆောက်လျက်ရှိပြီး **Type 096** အမျိုးအစားနျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော **(SSBN)** သည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ တာဝန်အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရေငုပ်သင်္ဘော၏ အသံပိုင်းဆိုင်ရာတိတ်ဆိတ်မှုအခက်အခဲကို ရုရှားနည်းပညာအကူအညီဖြင့် ကျော်လွှားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ❖


**ကိုးကား**

- **China-Russia in a nuclear sub counter to AUKUS by Asia Times.**

# ဒေါသကိုရှောင် မေတ္တာဆောင်မှ ဘဝနောင်ရေးစိတ်အေးရမည်

ဒေါသော အတ္တံ နုဇာနာတိ ဟူသော ပါဠိစကားရှိသည်။ အဓိပ္ပာယ်မှာ အမျက်ဒေါသသည် အကြောင်းအကျိုး အကောင်းအဆိုးကို မသိဟူ၍ဖြစ်သည်။ မှန်သည်။ လူ့စိတ်သည် တစ်ချိန်တည်းတွင် တစ်စိတ်တစ်မျိုးသာဖြစ်လေ့ရှိသောကြောင့် အမျက်ဒေါသစိတ်ဖြစ်နေချိန်တွင် အကြောင်းအကျိုးကိုဆင်ခြင်နိုင်သောပညာ စေတသိက်များပျောက်ကွယ်၍ စိတ်ရိုင်းစိတ်ကြမ်းများဝင်လာတတ်သည်။ အမျက်ဒေါသစိတ်ရိုင်းဝင်နေသောလူသည် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အသိဉာဏ်မဲ့ကာ ထင်ရာလုပ်လေ့ရှိသည်။ ဟုတ်သည်၊ မဟုတ်သည်၊ မှန်သည်၊ မမှန်သည်ကိုစဉ်းစားချင့်ချိန်နိုင်သော အသိစိတ်ကင်းရသည်မှာ အမျက်ဒေါသကြောင့်ဖြစ်သည်။ သတ္တလောက၌ လူသားများသည် ဉာဏ်ပညာအမြင့်ဆုံးသတ္တဝါဖြစ်သည်။ လူ့ဘဝသည် ရရန်ခဲယဉ်းသည်။ ကမ္ဘာပေါ်တွင် လူသားသန်းပေါင်းများစွာ နေထိုင်လျက်ရှိကြရာ အကြမ်းအားဖြင့် လူကောင်းနှင့် လူဆိုးဟူ၍ နှစ်မျိုးသာရှိသည်ကို တွေ့ရသည်။ တစ်နည်းဆိုရသော် ပညာရှိလူလိမ္မာနှင့် ပညာမဲ့ လူဆိုးလူမိုက်နှစ်မျိုးသာရှိသည်။ အကြောင်းအကျိုးကို ဆင်ခြင်နိုင်စွမ်းရှိသူသည် လူကောင်းဖြစ်ပြီး အကြောင်းအကျိုးကို နားမလည်သောသူသည် လူမိုက်ဖြစ်သည်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုနားမလည်ပါက အခြားသတ္တဝါများနှင့် မည်သို့မျှထူးခြားမှုရှိမည် မဟုတ်ပါ။ လူ့ဘုံ၌ ရောက်ရှိခိုက် မြင့်မြတ်သောကိုယ်၊ နှုတ်၊ စိတ်ရှိမှသာ လူပီသပေမည်။ မြင့်မြတ်သောလူဖြစ်ပေမည်။

လောက၌ လူကောင်းသည် ကောင်းသောအလုပ်ကိုလုပ်၍ လူမိုက်သည် မကောင်းသောအလုပ်ကိုသာ လုပ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် လူကောင်းဖြစ်ပါလျက် လူမိုက်အလုပ်ကို လုပ်သည့်အခါများလည်း ရှိတတ်လေသည်။ ထိုအခါ အမျက်ဒေါသထွက်နေသောအခါဖြစ်၏။ အမျက်ဒေါသထွက်နေသောသူသည် မိမိရှာဖွေထားသော ပစ္စည်းဥစ္စာကိုလည်း အကြောင်းမဲ့ဖျက်ဆီးတတ်သည်။ မတော်တဆမိမိကိုယ်တိုင်တိုက်မိသည့် အသက်မရှိသော ခလုတ်ကိုလည်း ရန်လုပ်တတ်သည်။ လမ်းဘေး၌ သူ့အလိုလို ဟောင်နေသောခွေးကိုလည်း နားငြီးသည်ဆိုကာ ခဲနှဲ့ပစ်၊ တုတ်နှဲ့ရိုက်သူလည်းရှိသည်။ ထိုမှတစ်ဆင့် မိမိ မိသားစုကိုရန်ရှာသည်။ ဤသည်မှာ အမျက်ဒေါသစိတ်ကြောင့်ဖြစ်ရသည်။

ဒေါသစိတ်၏ အကြမ်းတမ်းဆုံးမှာ လူကို သေအောင်သတ်ခြင်းပင်ဖြစ်သည်။ အကုသိုလ်စိတ်၊ စေတသိက်များထဲ၌ လူကိုသေစေနိုင်လောက်သည်ထိ အမိုက်မဲဆုံးစိတ်မှာ ဒေါသစိတ်ဖြစ်သည်။ အမျက်ဒေါသထွက်သူသည် ဒေါသထွက်နေရုံသာမက ရန်ငြိုးဖွဲ့ခြင်းကိုပါ ပြုတတ်လေသည်။ ရန်ငြိုးဖွဲ့ခြင်းဟူသည် အကြောင်းညီညွတ်သည့်တစ်နေ့ ပြန်လည်ချေပရန် စိတ်ထဲမှတ်ထားခြင်းဖြစ်သည်။ ဒေါသထွက်သူသည် မိမိကိုယ်တိုင် ကြီးစွာသောပူလောင်မှုကို ခံစားရလေသည်။ ရန်ငြိုးဖွဲ့သောစိတ်ကို မလွှတ်သေးသမျှ ထိုစိတ်ကပင် ကိုယ့်ကိုယ်ကိုယ် ဖွဲ့မီးပမာ တမြည့်မြည့်လောင်ကျွမ်းနေမည်သာဖြစ်၏။ မိမိ၏မိသားစု၊ မိမိ၏ပတ်ဝန်းကျင်ကို မကူးစက်မီ အချိန်မီငြိမ်းသတ်နိုင်ရန် အလွန်အရေးကြီးသည်။ ဒေါသစိတ်ကို မငြိမ်းသတ်ဘဲ ထိုဒေါသနောက်ကို လိုက်ပါသွားလျှင် "ပုထုဇ္ဇနော ဥမ္မတ္တကော"ဟူသောစကားအရ အရူးသာဖြစ်လေသည်။ စိတ်ဟူသည်မှာ ပင်ကိုအနေအထားအားဖြင့် အဖြူရောင်သက်သက်ဖြစ်သည်။ ဒေါသထွက်စရာအမြင်အာရုံကြောင့် ထွက်ပေါ်လာသော ဒေါသသည် ဖြူစင်သောစိတ်ကို အရိုင်းစိတ်၊ အရူးစိတ်ဖြစ်စေသည်။ အရူးဟုဆိုရာတွင် စာပေကျမ်းဂန်များ၌ အောက်ပါအရူးရှစ်မျိုးကိုတွေ့ရသည်။

၁။ ရာဂုမ္မတ္တက = တဏှာရာဂရမ္မက်ဖြင့် ရူးသောအရူးမျိုး

၂။ ကောဓုမ္မတ္တက = အမျက်ဒေါသလွန်သဖြင့် ရူးသောအရူးမျိုး

၃။ ဒိဋ္ဌုမ္မတ္တက = အယူဖောက်ပြန်ကြံစည်လွန်သဖြင့် ရူးသောအရူးမျိုး

၄။ မောဟုမ္မတ္တက = မိုက်မဲတွေဝေသဖြင့် ရူးသောအရူးမျိုး

၅။ ယက္ခုမ္မတ္တက = ဘီလူး၊ သားရဲ၊ စုန်း၊ နတ်ဖမ်းပူးသဖြင့် ရူးသောအရူးမျိုး

၆။ ပိတ္တုမ္မတ္တက = သည်းခြေပျက်၍ ရူးသောအရူးမျိုး

၇။ သုရုမ္မတ္တက = သေရည်သောက်လွန်းသဖြင့် ရူးသောအရူးမျိုး

၈။ ဗျသနုမ္မတ္တက = စည်းစိမ်ဥစ္စာ ပျက်သဖြင့် ရူးသောအရူးမျိုးဟု အရူးရှစ်မျိုးရှိသည်။

❖ စူဠဗောဓိဇာတ်တော်၌ "မြက်ခြောက်၊ သစ်ခြောက်များရှိရာ၌ လောင်သောမီးသည် တစ်ခဏချင်းကြီးပွားသကဲ့သို့ ဉာဏ်ပညာနည်းပါး သူ၏သန္တာန်၌ဖြစ်သောဒေါသသည်လည်း တစ်ခဏချင်းကြီးပွားလေ၏။ အမျက်ဒေါသကြီးသူ၏ စည်းစိမ်ဥစ္စာသည်လည်း လဆုတ်ပက္ခ၌ထွက် သောလကဲ့သို့ ဆုတ်ယုတ်ပျက်စီးရာ၏"ဟု ဟောတော်မူခဲ့သည်။ ပုထုဇဉ် လူသားတို့သည်ကား မည်မျှပညာတတ်ဖြစ်ပါစေ၊ မည်သို့သောဘွဲ့များ ရရှိထားသည်ဖြစ်ပါစေ၊ မည်မျှချမ်းသာနေသည်ဖြစ်ပါစေ အမျက်ဒေါသ အားကြီးလျှင် ပျက်စီးရတတ်လေသည်။ ❖

ဤ၌ ကောဓုမ္မတ္တကဆိုသည်မှာ အမျက်ဒေါသကြောင့် ရူးနေသောသူကိုခေါ်သည်။ ကောဓုမ္မတ္တကနှင့်စပ်လျဉ်း၍ မဃဒေဝလင်္ကာသစ်ကျမ်း၌ အကျိုးအကြောင်း အသိဉာဏ်ပညာမဲ့သော လူဗာလတို့သည်ကား သဘာဝတရားဖြစ်ကြသော လ၊ နေ၊ မိုးတို့ကို ကြည့်က ဒေါသဖြင့်ဆဲဆိုတတ်ကြ၏။ လ၊ နေ၊ မိုးတို့သည်ကား ရာသီစက်ဝန်းနှင့်အညီ သူ့သဘာဝအတိုင်း လသာမြဲ၊ နေပူမြဲ၊ မိုးရွာမြဲဖြစ်၍ မည်သို့ပင် သူ့ကိုဆဲရေးသော်လည်း လ၊ နေ၊ မိုးတို့၏ဂုဏ်ကား ညှိုးနွမ်းသွားမည်မဟုတ်ပေ။ ဆဲရေးသူသာလျှင် အရူးဖြစ်ရသည်ဟုပြဆိုထားပေသည်။ လောဘဖြင့် သေလျှင် ပြိတ္တာ၊ မောဟဖြင့်သေလျှင် တိရစ္ဆာန်၊ ဒေါသဖြင့်သေလျှင် ငရဲဟုအဆိုရှိသည်။ ဒေါသကြောင့် ငရဲကျရောက်ရသူများ ဇာတ်နိပါတ်တော်များ၌ များစွာရှိသည်။ အမျက်ဒေါသထွက်လာလျှင် တုတ်ဆွဲမည်၊ ဓားဆွဲမည်၊ ရိုက်မည်၊ ထုမည်၊ နောက်ဆုံးသတ်မည်ဖြစ်လာသည်။ သတ်လျှင် ငရဲကျရသည်။ ဤသို့မိမိ၏ဘဝကို ငရဲသို့ကျရောက်စေနိုင်သည်ထိ ရူးသောကြောင့် ကောဓုမ္မတ္တကဟု ခေါ်ဆိုရခြင်းဖြစ်သည်။ လူသည် မိမိစိတ်နှင့် ထိုက်တန်သောဘဝကို သာရရှိလေသည်။ မိမိစိတ်သည် လောဘနှင့်ပေါင်းပါက အတ္တကြီးသောလူသားဖြစ်ပြီး ဒေါသနှင့်အပေါင်းအဖော်ပြုပါက ရက်စက်ကြမ်းကြုတ်သော လူသားဖြစ်လာမည်။ ထို့အတူ ကရုဏာတရားနှင့်ပေါင်းပါက ကိုယ်ချင်းစာတတ်သူဖြစ်ပြီး မေတ္တာတရားနှင့်ပေါင်းပါက ပရဟိတသမားတစ်ယောက်ဖြစ်လာမည်။ ထို့ကြောင့် ဒေါသကိုအပေါင်းအဖော် မပြုမိရန်၊ ဒေါသကြောင့်ဖြစ်ပေါ်လာသည့် ရန်ငြိုးဖွဲ့သောစိတ်နောက်ကို မလိုက်မိစေရန် အထူးသတိချပ်သင့်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် စူဠဗောဓိဇာတ်၌ "မီးပွတ်ခုံမှဖြစ်သော မီးသည် မီးပွတ်ခုံကိုပင် စတင်လောင်ကျွမ်းသကဲ့သို့ ပညာဉာဏ်နည်းပါး မိုက်မဲသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော အမျက်ဒေါသသည်လည်း ထိုအမျက်ဒေါသဖြစ်သူကိုပင် ပူလောင်ဆင်းရဲရလေ၏" ဟု ဟောတော်မူခဲ့သည်။ ဒေါသသည် အတက်ဒေါသနှင့် အသက်ဒေါသဟုနှစ်မျိုးရှိ၏။ ကြမ်းတမ်းခက်ထန်သောဒေါသသည် အတက်ဒေါသဖြစ်သည်။ ဝမ်းနည်းမှု၊ ပူဆွေးမှု၊ စိုးရိမ်မှု စသည်တို့သည် အသက်ဒေါသဖြစ်သည်။ ဒေါသနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်ရသောတရားများမှာ မက္ခ၊ ပဠာသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ စသည် တို့ဖြစ်ကြသည်။ အောင်မြင်လာသော လူတစ်ယောက်သည် ကျေးဇူးရှင်များအပေါ် "မင်းကျေးဇူး ငါ့အပေါ် ဘာရှိလို့လဲ" ဟုကျေးဇူးကိုဒေါသဖြင့် ချေဖျက်ခြင်းကို မက္ခဟုခေါ်သည်။ မိမိထက်သီလရှိသူ၊ သမာဓိရှိသူ၊ ပညာရှိသူ၊ ရာထူးအာဏာကြီးသူ၊ စည်းစိမ်ဥစ္စာ ကြွယ်ဝသူတို့အပေါ်၌ "မင်းနဲ့ငါ ဘာထူးလို့လဲ"ဟု ဒေါသမာနဖြင့်ခြေရာတိုင်းခြင်းကို ပဠာသဟုခေါ်သည်။ စိုးရိမ်ခြင်းကိုသောက၊ ငိုကြွေးခြင်းကိုပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်းကိုဒုက္ခ၊ စိတ်ဆင်းရဲခြင်းကို ဒေါမနဿဟု ခေါ်သည်။ မိမိ၏စည်းစိမ်ဥစ္စာစသည် တစ်ခုခု ဆုံးရှုံးပျက်စီးရခြင်းသို့ရောက်သောအခါ ပြင်းထန်စွာဖြစ်သောဒေါသကို ဥပါယာသဟုခေါ်သည်။ ဥပါယာသဒေါသသည် အခြားသော သောက၊ ပရိဒေဝ၊ ဒုက္ခ စသည်တို့ထက်အလွန်ပူပြင်းလေသည်။ သတိလစ်မေ့မြောခြင်း၊ တက်ခြင်း၊ နှလုံးသွေးရပ်၍ သေဆုံးခြင်းစသည်တို့မှာ ဥပါယာသဒေါသကြောင့်ဖြစ်ရ၏။ ဒေါသသည် အခြားသူကိုသာ အကျိုးမဲ့ပျက်စီးခြင်း၊ အသက်ဆုံးရှုံးရခြင်းကို ရောက်စေတတ်သည်မဟုတ်။ ကိုယ့်ကိုယ်ကိုယ်ပင် အသက်ဆုံးရှုံးရခြင်းသို့ရောက်စေနိုင်၏။ ဗုဒ္ဓရှင်တော်မြတ်သည် ဒေါသမဖြစ်ရန် မေတ္တာနှင့်ယှဉ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ မေတ္တာနှင့်ယှဉ်သောအတွေးမျိုးကိုသာ တွေးတောကြံစည်၍ နေထိုင်ကျင့်သုံးရမည်ဟု ဟောတော်မူထားသည်။ စူဠဗောဓိဇာတ်တော်၌ "မြက်ခြောက်၊ သစ်ခြောက်များရှိရာ၌ လောင်သောမီးသည် တစ်ခဏချင်းကြီးပွားသကဲ့သို့ ဉာဏ်ပညာနည်းပါးသူ၏သန္တာန်၌ဖြစ်သော ဒေါသသည်လည်း တစ်ခဏချင်းကြီးပွားလေ၏။ အမျက်ဒေါသကြီးသူ၏ စည်းစိမ်ဥစ္စာသည်လည်း လဆုတ်ပက္ခ၌ထွက်သောလကဲ့သို့ ဆုတ်ယုတ်ပျက်စီးရာ၏"ဟု ဟောတော်မူခဲ့သည်။ ပုထုဇဉ်လူသားတို့သည်ကား မည်မျှပညာတတ်ဖြစ်ပါစေ၊ မည်သို့သောဘွဲ့များရရှိထားသည်ဖြစ်ပါစေ၊ မည်မျှချမ်းသာနေသည်ဖြစ်ပါစေ အမျက်ဒေါသအားကြီးလျှင် ပျက်စီးရတတ်လေသည်။ ရေသည်မြင့်ရာမှ နိမ့်ရာသို့စီးသကဲ့သို့ အမျက်ဒေါသသည် ပုဂ္ဂိုလ်မရွေး၊ လူမျိုးမရွေးအားလုံးကို ဒုက္ခပေးတတ်၏။ ထို့ကြောင့် အရာရာကိုအမျက်ဒေါသဖြင့် မပြုလုပ်မိစေရန် သတိပြုရမည်ဖြစ်သည်။ မည်သူ့အပေါ်မျှ မာန်မာနမထားဘဲ အမျက်ဒေါသကိုပယ်ခွာ၍ မေတ္တာတရားဖြင့်သာ သတ္တဝါများအပေါ် သနားကြင်နာ၍ ကိုယ်ချင်းစာတရားထားရှိရမည်ဖြစ်သည်။ ကြမ်းတမ်းခက်ထန်သောဒေါသကို အနာဂါမ်ပုဂ္ဂိုလ်များသာ ပယ်စွန့်နိုင်သည်။ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်များလည်း ဒေါသရှိသေးသည်သာဖြစ်သည်။ ပုထုဇဉ်လူသားများအတွက် ဒေါသကိုအကြွင်းမဲ့မဟုတ်တောင် တဒင်္ဂအားဖြင့် ပယ်စွန့်နိုင်သည်။ ဒီဃနိကာယ် အဋ္ဌကထာ၌ ဒေါသပယ်နိုင်ကြောင်းတရား ခြောက်ပါးရှိသည်ကို တွေ့ရ၏။ ထိုခြောက်ပါးမှာ-

၁။ မေတ္တာပွားနည်းကို သင်ယူခြင်း
၂။ မေတ္တာဘာဝနာကို အဖန်ဖန်ပွားများခြင်း
၃။ ကံသာလျှင်မိမိဥစ္စာဟု ဆင်ခြင်ခြင်း
၄။ ပညာဉာဏ်ဖြင့် ဆင်ခြင်ခြင်း
၅။ စိတ်ကောင်းရှိခြင်း
၆။ သင့်တင့်လျောက်ပတ်သောစကားကို ပြောဆိုခြင်းတို့ဖြစ်၏။

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသသည် ဒေါသနှင့်စပ်လျဉ်း၍ "လူတစ်ယောက်ကို မုန်းမိနေပြီဆို ပထမဆုံးမေတ္တာထားကြည့်ရတယ်။ မရရင်ကရုဏာထား၊ မရသေးရင် သူ့ကံနဲ့သူလာတာပဲလို့ ဥပေက္ခာထား၊ မရရင် လောကကြီးမှာ ငါဖြစ်ချင်တိုင်းဖြစ်နေတာမှ မဟုတ်တာလို့ သဘောထားရတယ်။ အဲဒါ ဒေါသပယ်ကြောင်းတရားတွေပဲ" ဟု ဆုံးမတော်မူခဲ့သည်။ ထို့နောက် မေတ္တာပွားရခြင်းအကြောင်းကိုလည်း "မေတ္တာကိုဘာဖြစ်လို့ပွားရသလဲ ဆိုရင် ကိုယ့်ရင်ထဲက ဒေါသစိတ်၊ အမုန်းစိတ်များ ပပျောက်သွားဖို့ မေတ္တာတရားကိုမွေးမြူပွားများရတာဖြစ်တယ်။ ဒေါသစိတ်၊ အမုန်းစိတ်များ ပပျောက်သွားရင် အေးချမ်းတဲ့စိတ်က အလိုလိုလိုက်လာမှာဖြစ်တယ်"ဟု ဆုံးမတော်မူခဲ့သည်။ ထို့ကြောင့် အရာရာကို အသိသတိဖြင့် တွေးတောဆင်ခြင်၍ အမျက်ဒေါသကို ထိန်းချုပ်နိုင်ရမည်။

အချုပ်ဆိုရသော် မိမိမှစ၍ မိမိ၏မိသားစု၊ မိမိ၏ပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိနေထိုင်ရာကမ္ဘာကြီးတစ်ခုလုံး အေးချမ်းသာယာစေရန်နည်းလမ်းသည် တစ်ခုတည်းသာရှိသည်။ ထိုနည်းသည် ဒေါသကိုထိန်းချုပ်ခြင်းပင်ဖြစ်သည်။ အရှိန်ပြင်းစွာလည်ပတ်နေသောစက်ရထား၏ဘီးကို တခဏချင်းရပ်တန့်အောင်ပြုလုပ်နိုင်သကဲ့သို့ မိမိ၌ဖြစ်ပေါ်လာသောအမျက်ဒေါသကို ထိန်းချုပ်နိုင်သော ပုဂ္ဂိုလ်မျိုးကိုသာ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ကောင်းချီးအနုမော်သာဓုခေါ်တော်မူကြသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ် ဆုံးမတော်မူခဲ့သည့်အတိုင်း ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာကိုပွားများမှသာ ဒေါသကင်းစင်၍ အနာဂတ်ဘဝ သာယာပျော်ရွှင်ရပါလိမ့်မည်။ အမျက်ဒေါသ၏ အပြစ်ဆိုးကျိုးများလည်း ကင်းစင်လွင့်ပျောက်ကာ အပူပင်မရှိ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဘဝသုခပြည့်စုံနိုင်မည်ဖြစ်သည်။ လူသားတိုင်းသည် ရခဲလှသည့် လူ့ဘဝကိုရရှိခိုက် ဒေါသကိုရှောင်၍ မေတ္တာကိုဆောင်မှသာ ဘဝနောင်ရေးစိတ်အေးရမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မဃဒေဝလင်္ကာကျမ်း**
- **စူဠဗောဓိဇာတ်**
- **ဒီဃနိကာယ်အဋ္ဌကထာ**

ရွှေညာ(ရွာတန်းရှည်)

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၂၆၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၂၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၁၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၁၆၂၆၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးကာလ မုံရွာခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၁၆၀၀၀ ကျော်ထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုရှိပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို အသိပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြပါတယ်”ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၅၉၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၈၂ ဧက၊ အရာတော်မြို့နယ်တွင် ၁၂၅၆ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၅၂၃၃ ဧက စုစုပေါင်း ၁၆၂၆၈ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၈၇၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၈၅ ဧက၊ အရာတော်မြို့နယ်တွင် ၁၂၉၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၃၉၆၄ ဧက စုစုပေါင်း ၁၅၃၁၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# နမ္မတူမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**နမ္မတူ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ္မတူမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ နမ္မတူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်း၊ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ပန်လုံ(မန်ကျန်း)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် နောင်အောကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က ဆောင်ရွက်ပြီးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

နမ္မတူမြို့နယ် ပန်လုံ(မန်ကျန်း) ကျေးရွာ၌ လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်းနှင့် နောင်အောကျေးရွာ၌ အလျား ပေ ၅၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၃၉၅ | ၂၈၆၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၄ | ၂၀၄၇ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (50 ppm) | ၂၂၃၆ | ၂၃၁၀ |
| HSD (10 ppm) | ၂၂၄၂ | ၂၃၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. စာရင်းကိုင် | (ကျား/ မ) | (2) | ဦး |
| 2. အရောင်းစာရေးမ | | (1) | ဦး |
| 3. စက်ရုံကြီးကြပ် | | (1) | ဦး |
| 4. မြို့တွင်း Driver | | (2) | ဦး |
| 5. Marketing Driver | | (2) | ဦး |
| 6. အထွေထွေဝန်ထမ်း | (ကျား/ မ) | (5) | ဦး |

- အမှတ်စဉ် (1), (2), (3) အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (4), (5) အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- စိတ်ပါဝင်စားပါက CV Form, အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

*** အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။ ***

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291 , 09-5069199


## စာအုပ်စာပေလူ့မိတ်ဆွေ

ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် -၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်...

❖ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိ...

❖ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့်ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လို...

❖ မိမိအထက်အရာရှိများ၏တာဝန်ထမ်းဆောင်မှုနှင့်မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို နားလည်မှုရှိရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့်အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် CNF၊ CDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ်





အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၃၀**

ချင်းပြည်နယ် ထန်တလန်မြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အလစ်အငိုက်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပြီး ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်ကာ ငါနဲ့မတူ၊ ငါ့ရန်သူဟုသဘောထား၍ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် နိုင်ငံပိုင်အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ၎င်းအဆောက်အအုံများကို အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိသည့် CNF၊ CDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့ပြီး ထန်တလန်မြို့ကို အောက်တိုဘာ ၂၉ ရက် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြို့လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်စစ်ကြောင်းနှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် သာလွန်အင်အားဖြင့် ထန်တလန်မြို့ကို

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

OKKAN SUGAR MILL

ဥက္ကံ့ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar